# မြေမြှုပ်မိုင်းအသုံးပြုမှု
# စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ (၂၀၁၄)



၂၀၁၄ ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ ပါဝင်သည်။

## အစီရင်ခံစာအကြောင်း

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက် ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ (LCM)သည် မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြု တားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက် ပေးသည်။ မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တားမြစ်ခြင်း နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့အဝှမ်းလူသတ်မိုင်းများ ရှင်းလင်း ပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၁) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း ပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ် ဆုရခဲ့သည်။ ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်း ပေးရန်၊ ယင်း လက်နက်ကြောင့် နောက်ဆက်တွဲ ထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ် ပေါ်စေရေး အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက်များကြောင့် အတိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံး သတ်စေရန် စသည်တို့ အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

***မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့***သည် ၁၉၉၇ခုနှစ်မိုင်း အသုံးပြုမှု ပိတ်ပင် တား မြစ်ခြင်း သဘောတစူ ာချုပ်အား အကောင်အထည်ဖေါ်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ***ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့*** သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင် အထည်ဖေါ်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာ သည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၄ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ့အစိုးရပေါင်း ၁၆၂ နိုင်ကျော်က မြေမြှုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၄ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့် သုံးခြင်းများများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေးထိုးခြင်း မပြုသေးပေ။ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံလက်နက်ကိုင်တပ်များသည် နိုင်ငံအတွင်း လူသတ်မိုင်းများ ဆက်လက်အသုံးပြုနေသည်ဟူသော အစီရင်ခံမှုများရှိခဲ့သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာသည်  မြေမြှုပ်မိုင်း  နှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက် ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အင်တာနက် စာမျက်နှာတွင် ပုံမှန်ဖေါ်ပြသော နိုင်ငံအလိုက်နှစ်ပတ်လည်စာ အစီရင်ခံစာမှ ထုတ်နှုတ်ထားခြင်း ဖြစ်သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါအချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်း စစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင်တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်းဖြစ်သည်။ ယခု အစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက် ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမို သိလာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက်ရည်ရွယ် သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်းကင်းစင်သောကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန် အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိနားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့်အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များ အတွက်သာ ဦးတည်လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက် များသာဖြစ်သည်။

၂၀၁၄ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးသုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ်အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်း အားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေး အတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြု ပါသည်။burma@icblcmc.org။ အစီရင်ခံစာပါသတင်းအချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသားဆက်သွယ်နိုင်ပါသည်။

---

ရွှေမင်းသားဖောင်ဒေးရှင်းမှ မေတ္တာဖြင့် အစီရင်ခံစာပုံနှိပ်ထုတ်ဝေမှုအတွက် ငွေကြေးကျခံပေးသည်။ မျက်နှာဖုံးဓါတ်ပုံ။ ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း မိသားစုပိုင်နွားလိုက်ရှာရင်း အသက် ၁၁ နှစ်အရွယ်တွင် မြေမြှုပ်မိုင်းတက်နင်းမိခဲ့သူ မူချိ (၂၇ နှစ်)။  ဓါတ်ပုံ Giovanni Diffidenti/Di + onlus

**မြေမြှုပ်မိုင်းနှင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ**

**မြန်မာနိုင်ငံ**

**burma@icblcmc.org | www.the-monitor.org |**

**www.burma.icbl.org**

## မြန်မာနိုင်ငံ

| | |
|---|---|
| **မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်တွင် ပါဝင်မှုအဆင့် သတ်မှတ်ချက်** | စာချုပ်အဖွဲ့ဝင်နိုင်ငံမဟုတ် |
| **ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းအား ထောက်ခံမဲပေးမှုတ်တမ်း** | ယခင်နှစ်များကဲ့သို့ပင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်သော ဆုံးဖြတ်ချက်အမှတ် ၆၈/၃၀ တွင် မဲမပေး ကြားနေမဲအဖြစ် ရပ်တည်ခဲ့သည်။ |
| **မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်မှု** | ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အဖွဲ့ဝင်နိုင်ငံများ၏ ၉ ကြိမ်မြောက် အစည်းအဝေး နှင့် ၂၀၁၄ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော လုပ်ငန်းကဏ္ဍစုံဆက်စပ် အစည်းအဝေးများတက်ရောက်ခဲ့သည်။ အစည်းအဝေးနှစ်ခုစလုံးကို ဂျနီဗာတွင်ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်းညီလာခံကိုတော့ တက်ရောက်ခဲ့ခြင်းမရှိပေ။ |
| **အဓိကဖြစ်ထွန်းမှုများ** | အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) များ၏ မြေမြှုပ်မိုင်းအသုံးပြုမှုများ |

### မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1]

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့လေ့လာသူ အဖြစ် တက်ရောက်ခဲ့ပြီး ထိုသို့အစည်းအဝေးတက်ရောက်မှုအား "သဘောတူစာချုပ်၏ လက်ရှိ နှင့် အနာဂါတ်လုပ်ငန်းများတွင် မိမိတို့၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လိုမှုကို ရှင်းရှင်းလင်းလင်း ထပ်ဟပ်ပါစေသည်" ဟု ပြောဆိုခဲ့သည်။[2]

၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ ကြောင်း နှင့် မြန်မာအစိုးရသည် မြေမြှုပ်မိုင်းအသုံးပြုခြင်း မရှိတော့ကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုခဲ့သည်။[3]သို့သော် ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်းထိပ်သီးဆွေးနွေးပွဲတွင် သမ္မတဦးသိန်းစိန်က "မိမိကိုယ် ခုခံကာကွယ်ရေးနှင့် လူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် မိမိတို့သည် မြေမြှုပ်မိုင်း များအား ခုခံကာကွယ်ခြင်း နည်းလမ်းတခုအဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်နေသေးသည်" ဟု ပြောဆို ခဲ့ပြီး မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင် နိုင်ငံတခု မဟုတ်သေးသည့်အချက်ကို အသိအမှတ်ပြုခဲ့သည်။[4]

မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား ဥပဒေပြုပြဌာန်းရန်အတွက် လွှတ်တော်တွင် မည်သူတဦးတယောက်ကမှ တင်ပြဆွေးနွေးခြင်း မရှိသေးပေ။ သို့သော် ၂၀၁၄ခုနှစ် ဇွန်လတွင်စတင်မိတ်ဆက်ပေးခဲ့သော မသန်စွမ်းသူများအခွင့်အရေးဥပဒေတွင် မြေမြှုပ်မိုင်းဒဏ်သင့်ပြည်သူများအခွင့်အရေးကို ရည်ညွှန်းဖော်ပြထားသည်။[5]

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်းအတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်နိုင်ငြိမ်း အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖေါ်ပြသုံးစွဲမှုမျိုးလည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ်အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။

[2] Statement of Myanmar မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ ၁၃ ကြိမ်မြောက်အစည်းအဝေး၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅

[3] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonnအား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်းပြောခဲ့ခြင်းဖြစ်သည်။ "မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။ http://bit.ly/Pa7U5b

[4] အစိုးရသတင်းစာပါ သမ္မတမိန့်ခွန်း "Establishment of ASEAN Community is not ultimate goal of ASEAN but a milestone towards stable, peaceful and prosperous region," *New Light of Myanmar*(p16) ,19 November 2012. http://www.burmalibrary.org/docs14/NLM2012-11-19.pdf

[5] "New Light of Myanmar" မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေမူကြမ်းတွင် မြေမြှုပ်မိုင်းသင့်ပြည်သူများအခွင့်အရေးပါ ထည့်သွင်းသင့်သည်။ 1 p 6 June 2014, p. 1. ၂၀၁၃ ခုနှစ် ဖေဖေါ်ဝါရီလတွင် လွှတ်တော်တွင် အမတ်နေရာတချို့ အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဥက္ကဌက NDF အနေနှင့် လွှန်ခဲ့သေ နှစ်က

မြန်မာနိုင်ငံသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသော်လည်း ၂၀၀၃ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၁ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်များအပါအဝင် မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၃ခုနှစ်မေလ နှင့် ၂၀၁၄ ခုနှစ် ဧပြီလ ဂျနီဗာ မြို့တွင် ကျင်းပခဲ့သော လုပ်ငန်းကဏ္ဍစုံအစည်းအဝေးများသို့ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ခုနှစ် ဇွန်လ မိုဇမ်ဘစ်နိုင်ငံ မပူတိုမြို့တွင်ကျင်းပခဲ့သော တတိယအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်းညီလာခံအပါအဝင် စာချုပ် ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ခြင်း မရှိသေးပေ။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် ချမှတ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၆၈/၃၀ တွင် မဲမပေးပဲ ကြားနေရပ်တည်ခဲ့သည် နိုင်ငံ ၁၉ နိုင်ငံတွင် မြန်မာနိုင်ငံ တခုအပါအဝင်ဖြစ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်တွင် မိုင်းအသုံးပြုတားဆီးပိတ်ပင်မှု သဘောတူစာချုပ်အား ကမ္ဘာအဝှမ်းကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာရေး တောင်းဆိုထားသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ အလားတူ နှစ်စဉ်ဆုံးဖြတ်ချက်များတွင် မဲမပေးပဲ ရပ်တည်လာခဲ့သည် နိုင်ငံတနိုင်ငံဖြစ်သည်။

၂၀၁၄ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံလူ့အခွင့်ရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က မြန်မာ နိုင်ငံအား မိုင်းအအသုံးပြုတားဆီးပိတ်ပင်မှု သဘောတူစာချုပ်ကို လေးစားလိုက်နာရန် ထပ်မံတောင်းဆိုခဲ့သည်။ "မိုင်းစစ်တမ်းကောက်ယူခြင်း၊ ရှင်းလင်းခြင်း၊ နေရာအမှတ်အသားပြုခြင်း သို့မဟုတ် ခြံခတ်တားဆီးခြင်း လုပ်ငန်းများသည် အကန့်အသတ်ဖြင့်သာ တိုးတက်မှုရှိနေသေးသော်လည်း မြေမြှုပ်မိုင်းအသုံးပြုမှု သိသိသာသာကျဆင်းခဲ့သည်။ "[6] ၂၀၁၃ ခုနှစ် ဧပြီလတွင် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက မြေမြှုပ်မိုင်းများ မရှင်းလင်းနိုင်သရွေ့ ဒုက္ခသည်နှင့် အိုးအိမ်မဲ့ပြည်သူပေါင်း ၄၅၀၀၀၀ ကျော်သည် မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများအတွင်းရှိ ၎င်းတို့ နေအိမ်များသို့ ပြန်လည်အခြေချနေထိုင်ရန် မဖြစ်နိုင်သေးဟု ပြောဆိုခဲ့သည်။ [7] ၂၀၁၃ ခုနှစ် မေလတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံအတွင်း ကလေးသူငယ် နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ၎င်း၏ တတိယ အကြိမ်မြောက်အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် မြေမြှုပ်မိုင်းကြောင့် ကလေးသူငယ် ထိခိုက် အနာတရ ဖြစ်မှုများ မှတ်တမ်းတင်ခဲ့သည်။[8]

တတိယအကြိမ်မြောက်ပြန်လည်သုံးသပ်ခြင်းညီလာခံတွင် ဘယ်လ်ဂျီယံနိုင်ငံနှင့် ပြင်သစ်နိုင်ငံအပါအဝင်အများစုက မြန်မာနိုင်ငံအား သဘောတူစာချုပ်အား လေးစားလိုက်နာရန် တောင်းဆိုခဲ့ကြသည်။[9]

၂၀၁၃ ခုနှစ် မေလတွင် အစိုးရအဖွဲ့သည် ICBL အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပထမဆုံးအကြိမ်အဖြစ် လက်ခံတွေ့ဆုံခဲ့ပြီး သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်ဆိုင်းရေးလှုပ်ရှားမှု၏ ၂၀၁၃ခုနှစ် မြေမြှုပ်မိုင်းအသုံးပြု မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ ထုတ်ဝေမှု သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။[10] မိုင်းအသုံးပြုမှု ရပ်ဆိုင်းရေးလှုပ်ရှားမှုက မြန်မာဘာသာဖြင့် ရေးသားထားသော ၂၀၁၃ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ ၂၀၀၀ ကျော်ကို ဖြန့်ချိခဲ့သည်။ မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီး ပိတ်ပင်ရေးမြန်မာနိုင်ငံဆိုင်ရာ လှုပ်ရှားမှုအဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ နှင့် ဇူလိုင်လတွင် လှုပ်ရှားမှုတခု ပြင်ဆင်ဆောင်ရွက်ခြင်း နှင့် မဟာဗျူဟာချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲနှစ်ခုကို လှုပ်ရှားမှု အဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးခဲ့သည်။[11] မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ရေး ထိုင်ဝမ်နိုင်ငံလှုပ်ရှားမှု/Eden International အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံဆိုင်ရာ မိုင်းအရေးလှုံ့ဆော်ဆောင်ရွက်နေသူများအတွက် အရည်အချင်းမြှင့်တင်ရေး သီတင်းရက်သတ္တပတ်ကို ဆောင်ရွက်ပေးခဲ့သည်။[12]

---

လွှတ်တော်အာဂျင်တာတွင် မြေမြှုပ်မိုင်းကိစ္စ ဆွေးနွေးရန်တင်ပြခဲ့သော်လည်း ၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းအထိ လွှတ်တော်အတွင်းရေးမှူးအဖွဲ့ထံတွင်သာ ရှိနေသေးပြီး ဆွေးနွေးမည့်အကြောင်းအရာ တွင် မပါဝင်သေးကြောင်း စောင့်ရေးလေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။ *Landmine Monitor 2013*, Myanmar/Burma Ban Policy profile. တွင် ကြည့်ပါ။

[6] Office of the High Commissioner for Human Rights (OHCHR), Report of the Special Rapporteur on the situation of human rights in Myanmar, Paragraph's 61 and 79, A/HRC/25/64, 2 April 2014.

[7] UN High Commissioner for Refugees (UNHCR) protection office, Maja Lazic quoted in UPI, "Myanmar polluted with land mines," UPI (Geneva), 3 April 2013.

[8] Report of the Secretary-General on children and armed conflict in Myanmar," S/2013/258 (paragraphs 21, 31, and 37), 1 May 2013.

[9] Statement of Belgium, Mine Ban Treaty Third Review Conference, 23 June 2014; and statement of France, Mine Ban Treaty Third Review Conference, 23 June 2014. Notes by the Monitor.

[10] "Landmine Monitor Report on Myanmar/Burma launched within the country," 15 November 2012.

[11] ICBL/CMC Inveesting in Action လှုပ်ရှားမှုထောက်ပံ့ငွေခေါင်းစဉ်အောက် မှ ကူညီထောက်ပံ့သည်။ ရန်ကုန်မြို့တွင် ဇန်နဝါရီ နှင့် ဇူလိုင်လများတွင် ဆွေးနွေးပွဲ နှစ်ခု ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သူများအနက် ၂၅ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းသင့်မသန်းစွမ်းသူများဖြစ်သည်။

[12] International News: Eden Organized a One-Week Capacity Training Workshop for MCBL," Eden International, 27 August 2014.

## အသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေး အဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ်သော တပ်ဖွဲ့များ၏ လူသတ်မိုင်း အသုံးပြု မှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၃ခုနှစ် ဒုတိယနှစ်လည်ပိုင်း နှင့် ၂၀၁၄ ခုနှစ် ပထမနှစ်လည်ပိုင်းအတွင်း မြေမြုပ်မိုင်းအသုံးပြုမှု ဆက်လက်ရှိခဲ့သည်ဟု မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသော သတင်းအချက်အလက်များအရ သိခဲ့ရသော်လည်း သူပုန်နှင့် အစိုးရတပ်ဖွဲ့များ၏ မိုင်းအသစ် အသုံးပြုမှု နိမ့်ကျခဲ့သည်ကိုလည်း တွေ့ခဲ့ရသည်။ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း တပ်မတော်က မိုင်းအသုံးပြုနေသည်ဟူသော ယုံကြည်ရသည့် စွတ်စွဲချက်များစွာ ထွက်ပေါ်ခဲ့သည်။ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း မိုင်းအသစ်အသုံးပြုမှုတချို့ ထွက်ပေါ်ခဲ့သော်လည်း အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များ၏ မိုင်းအသုံးပြုမှုသည်လည်း ယခုအစီရင်ခံစာ ကာလအတွင်း လျော့ကျသွားခဲ့သည်။

## အစိုးရတပ်ဖွဲ့များ

ကချင် ပြည်နယ်တွင် တပ်မတော်တပ်ဖွဲ့များသည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဖြစ်ပွားနေသော တိုက်ပွဲများ အတွင်း မြေမြုပ်မိုင်းအသုံးပြုနေသည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်ခဲ့သည်။[13] ၂၀၁၄ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်နေသော လွတ်လပ်သောမြန်မာနိုင်ငံရိန်ဂျားများအဖွဲ့ (Free Burma Rangers – FBR)က ၂၀၁၃ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်ကထောင်ထားသော မြေမြုပ်မိုင်းတလုံးကြောင့် မန်ဆီမြို့နယ်၊ တန်တဒါမှ အမျိုးသမီးတဦး အသက်သေဆုံးခဲ့သည်ဟု ဖေါ်ပြခဲ့သည်။[14] ၂၀၁၃ ခုနှစ် ဇွန်လတွင် တပ်မတော်သည် နယ်စပ်မိုင်တိုင်အမှတ် ၃၉ နှင် ၄၀ အကြား နယ်စပ်မျဉ်းကြောင်း ကိုက် ၇၀ အကွာအဝေးနှင့် နယ်စပ်တိုင်အမှတ် ၃၇ နှင့် ၃၉ အကြား နယ်စပ်မျဉ်းကြောင်း ကိုက် ၁၀၀ အကွာအဝေးတွင် မိုင်းများထောင်ထားကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းစာစောင်တခုက အစီရင်ခံစာတခု ရေးသားထုတ်ဝေခဲ့သည်။ ဘင်္ဂလားဒေ့ရှ်စစ်တပ်ကိုယ်စားလှယ်က မြန်မာအစိုးရအား ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်ခြားသဘောတူညီချက်ကို ဖေါက်ဖျက်ခဲ့သည်ဟု စွတ်စွဲလိုက်ပြီး " ဒီကိစ္စ (မိုင်းကိစ္စ)ကို မြန်မာအာဏာပိုင်တွေနှင့် ဆွေးနွေးတဲ့အခါ သူတို့က ဂရုတောင် မစိုက်ပါဘူး။" ဟု ပြောဆိုခဲ့သည်။[15] ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံနှင့်နယ်နမိတ်ချင်းထိစပ်နေသော ဘင်္ဂလားဒေ့ရှ်နယ်စပ် တခြားနေရာများ တွင်လည်း မိုင်းအသုံးပြုမှုများရှိသည်ဟူသော စွတ်စွဲပြောဆိုချက်များရှိခဲ့သည်ဟု မြေမြုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့က တင်ပြခဲ့ဖူးသည်။[16] မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အနေနှင့် ၎င်းစွတ်စွဲပြောဆိုချက်များနှင့်ပတ်သက်၍ အတည်ပြုနိုင်ခြင်း မရှိသေးပါ။

နယ်ခြားစောင့် တပ်ဖွဲ့(BGF) များသည် ၎င်းစစ်ဆင်ရေးဒေသများအတွင်း လူသတ်မိုင်းများ ကြိုကြားကြိုကြား အသုံးပြုသည်ဟု တင်ပြမှုများ ရှိခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့ နှင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် တပ်မတော်၏ ထိန်းချုပ်မှု အုပ်ချုပ်မှုအောက်တွင် ရှိသော လက်နက်ကိုင်တပ်များဖြစ်သည်။[17] နယ်ခြားစောင့်တပ်များသည ယခင်လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့သည့် စစ်ဆင်ရေးနေရာ နှင့် တပ်ဖွဲ့စည်းပုံအတိုင်း ဆက်ရှိခွင့်ရှိသည်။ သို့သော် တပ်မတော်၏ ညွှန်ကြားချက်အောက်တွင် နယ်ခြားစောင့်တပ်များ မည်မျှရှိနေသည် သို့မဟုတ် လုံးဝသီးခြားရပ်တည်နေသည်ကိုတော့ တခါတရံ ရှင်းရှင်းလင်းလင်း မတွေ့ရပေ။ ၂၀၁၄ ခုနှစ် မေလတွင် ရှမ်းပြည်တောင်ပိုင်း နာယွန်းကျေးရွာအနီး ပြည်သူ့စစ်စခန်းတခုတွင် မိုင်းထောင်ထားသည့်နေရာအကျယ်အဝန်း ဖေါ်ပြချက်တခုကို FBR ကတွေ့ရှိခဲ့သည်။[18]

---

[13] ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်မဲ့ပြည်သူများအရေး ဆောင်ရွက်နေသော လူသားချင်းစာနာမှုအရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းတခုအား မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့က အင်တာဗျူး။ ၂၀၁၂ခုနှစ် နိုဝင်ဘာ ၁၄၊ရန်ကုန်။ အမည်ထုတ်ဖေါ်ခြင်းမပြုရန် မေတ္တာရပ်ခံ။

[14] FBR: "ကချင်ပြည်နယ်အတွင်း အရပ်သားတဦး မြေမြုပ်မိုင်းထိသေဆုံး၊ ဆယ်ကျော်သက်မိန်းကလေးတဦး မုဒိန်းကျင့်ခံရ နှင့် အိုးအိမ်မဲ့ပြည်သူအသစ် ၃၆၀၀ ကျော်ရှိခဲ့။ " ၂၀၁၄ ဧပြီ ၂၄၊ David Eubanks ထံမှ အီးမေးလ်၊ ဒါရိုက်တာ၊FBR၊၂၀၁၄ ခုနှစ် ဩဂုတ် ၁။ ၂၀၁၂ခုနှစ် နိုဝင်ဘာလအတွင်း ပရဲ ကျေးရွာတွင် တပ်မတော်မှ အသစ်ထပ်ထောင်ထားသော လူသတ်မိုင်းများကြောင့် ကေအိုင်အေ ဆေးမှူးတဦးဒဏ်ရာရခဲ့သည်ဟု FBRအဖွဲ့က စွတ်စွဲပြောဆိုခဲ့ဖူးသည်။ ၂၀၁၃ခုနှစ် မြေမြုပ်မိုင်းစောင့်ကြည့်ရေး အစီရင်ခံစာတွင် ကြည့်ပါ။ Myanmar/Burma Mine Ban Policy profile.

[15] Deepak Acharjee, "Myanmar army undermines border norms," The Independent (Bangladesh), 12 June 2013.

[16] ၂၀၁၃ခုနှစ် မြေမြုပ်မိုင်းစောင့်ကြည့်ရေး အစီရင်ခံစာတွင် ကြည့်ပါ။ Mine Ban Policy profile for Myanmar/Burma.

[17] မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံအရ တိုင်းရင်းသားဒေသများတွင် အခြေစိုက်သော လက်နက်ကိုင်အဖွဲ့အများစုအား အမျိုးသားတပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ထားရှိရမည်။ ထို့ကြောင့် ၂၀၁၀ခုနှစ်ဧပြီလတွင် ယခင်နဖအ စစ်အစိုးရက တပ်မတော်နှင့် အပစ်အခတ်ရပ်ဆဲထားသော လက်နက်ကိုင်အဖွဲ့အားလုံးကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် တောင်းဆိုခဲ့သည်။ အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်တွင် ကနဦးလက်နက်ဖြုတ်ခြင်း၊ နောက်တွင် အစိုးရထံသို့ လက်နက်အပ်ခြင်းနှင့် ဒေသဆိုင်ရာတပ်မတော်စစ်ဌာနချုပ်၏ အုပ်ချုပ်မှုအောက်သို့ ၎င်းတို့တပ်များ အပ်နှံရမည်ဖြစ်သည်။ ၎င်းကိစ္စကြောင့် တိုင်းပြည်အနှံ့အပြားတင်းမာမှု များဖြစ်ပေါ်လာခဲ့ပြီး အထူးသဖြင့် ကချင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။

[18] David Eubanks ၊FBR၊နှင့် အီးမေးလ်အသွားအပြန်၊၂၀၁၄ ခုနှစ် ဩဂုတ်လ ၁။ ပြည်သူ့စစ်များက မည်သည့်နေရာတွင် မိုင်းထောင်ထားသည်ကို မသိရပေ။

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ အသုံးပြုမှု*[19]

၂၀၁၁ခုနှစ် နောက်ပိုင်းမှ စတင်ဖြစ်ပေါ်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ လူသတ်မိုင်းအသုံးပြုမှုအား စွန့်လွှတ်မည် တရားဝင်ပြောဆိုခြင်း မရှိသေးပေ။ ပြီးခဲ့သည့်ကာလများတွင် တချို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ဆွတ်ဇ် အန်ဂျီအိုတခုဖြစ်သော Geneva Call မှ ဆောင်ရွက်သော ကတိကဝတ်ပြု သဘောတူ စာချုပ်တွင် လက်မှတ်ရေးထိုးပြီး လူသတ်မိုင်းအသုံးပြုခြင်းကို တဖက်သတ်စွန့်လွှတ်ခဲ့သည့် သာဓကများရှိခဲ့သည်။[20]

လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များရယူသွားရန် ဆန္ဒရှိသည်ဟုအစိုးရက ထုတ်ဖော်ပြောဆိုခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနီးပါးနှင့် အစည်းအဝေးပေါင်းများစွာ ကျင်းပခဲ့ပြီး၊ မြေမြုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရေးနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်း လိုအပ်ချက်များကို အစည်းအဝေးပေါင်းများစွာတွင် ထုတ်ဖော်ဆွေးနွေးခဲ့သည်။[21] သို့သော် ၂၀၁၄ ခုနှစ် အောက်တိုဘာလ လ (၁) ရက်နေ့အထိ အပစ်အခတ်ရပ်စဲထားသော မည်သည့်ဖက်ကမှ တရားဝင်မိုင်းအသစ် အသုံးပြုခြင်းအား ရပ်တန့် သည်ဟု ပြဌာန်းထားခြင်း မရှိသေးပေ။ လက်နက်ကိုင်အဖွဲ့တချို့သည် မြေမြုပ်မိုင်းထောင်ထားခြင်းဖြင့် အစိုးရတပ်မှ လာရောက်တိုက်ခိုက်ခြင်းကို အကာအကွယ်ပေးသည်ဟုယုံကြည်ကြကြောင်း မြန်မာငြိမ်းချမ်းရေးနှင့်ပြန်လည် ထူထောင်ရေးဗဟိုဌာန (MPC) မှ တာဝန်ရှိသူတဦးက ပြောဆိုခဲ့သည်။ တဖွဲ့နှင့်တဖွဲ့အကြားယုံကြည်မှု အားနည်းနေသမျှ ကာလပတ်လုံး မိုင်းရှင်းလင်းရေးလုပ်ငန်းသည် အင်မတန်ခက်ခဲနေအုံးမည်ဟု ၎င်းက ပြောကြားခဲ့သည်။[22] မြေမြုပ်မိုင်စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယမန်နှစ် အစီရင်ခံစာအချိန်အတွင်း အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ အနည်းဆုံး ၄ ဖွဲ့သည် မြေမြုပ်မိုင်းများထောင်ခဲ့ကြောင်း နှင့် ၂၀၁၃ခုနှစ် နှစ်လည်ပိုင်းမှစ၍ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက တိုင်းပြည်အတွင်း မိုင်းအသစ် ဆက်လက်အသုံးပြုနေခြင်းနှင့်ပတ်သက်၍ သီးခြား ပြောဆို ချက်များ မတွေ့ရတော့ပေ။

ကချင်လွတ်လပ်ရေးအဖွဲ့/တပ်မတော် (KIO/KIA)၏ မိုင်းစစ်ဆင်ရေး နှင့် ကရင်ပြည်နယ်အတွင်း အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော ပဋိပက္ခများတွင် မိုင်းအသုံးပြုမှုများ ရှိခဲ့သည်။ ၂၀၁၃ ခုနှစ် မတ်လတွင် ရှမ်းပြည်မြောက်ပိုင်း နမ့်မတူမြို့နယ်အတွင်းဖြတ်သန်းသွားသော ပိုက်လိုင်းအား လုံခြုံရေး ပေးနေသော တပ်မတော်စစ်သား ၂ ဦး မိုင်းထိသေဆုံးပြီး အခြား ၄ ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။ မည်သည့် အဖွဲ့အစည်းက မိုင်ထောင်သည်ကို မသိရပေ။[23] ၂၀၁၃ခုနှစ် ဖေဖေါ်ဝါရီလတွင် ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ် အတွင်း ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်ကထောင်ထားသော မိုင်းကြောင့် တပ်မတော်သား ၄ ဦး ဒဏ်ရာရခဲ့သည်။[24] ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီပြည်သူ့အကျိုးပြုတပ်မတော် (DKBA)က ထောင်ထားသည်ဟု ယူဆရသော မိုင်းကြောင့် ကော့ကရိတ်မြို့နယ်တွင် အရပ်သားရွာသားတဦး မိုင်းထိခဲ့သည်။[25]

ကချင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခဆက်လက်ဖြစ်နေခြင်းကြောင့် ဒေသခံပြည်သူများ ဆက်လက်ထွက်ပြေးနေရဆဲဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် နှောင်းပိုင်းမှ၂၀၁၄ ခုနှစ် အစောပိုင်းအထိ မိုင်းခေါင် (မန်စီမြို့နယ်)၊ လွယ်ဂျယ် နှင့် နမ့်ခမ်း မြို့နယ်များတွင် မြေမြုပ်မိုင်းထိခိုက်မှုများ၊ မပေါက်ကွဲပဲ ကျန်နေသည့် မိုင်းများ တွေ့ရှိနေရသည်ဟု တင်ပြချက်များရှိသည်။ ၂၀၁၄ ခုနှစ် ဧပြီ လနှင့် သို့မဟုတ် ၂၀၁၃ ခုနှစ် နှောင်းပိုင်းအတွင်း ဖြစ်ခဲ့သော တိုက်ပွဲများအတွင်း ၎င်းတို့နေထိုင်ရာ ရွာများတွင် မိုင်းထောင်ခဲ့သည်ဟု နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူတချို့က ယုံကြည်ကြသည်။[26]

---

[19] ၁၉၉၉ ခုနှစ်မှစ၍ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် လူသတ်မိုင်းများ အသုံးပြုခဲ့သည်။ သို့သော် ၎င်းတို့အနက် တချို့သောအဖွဲ့အစည်းများသည် အဖွဲ့အစည်းအဖြစ် ရပ်တည်ခြင်းမရှိတော့ (သို့မဟုတ်) မိုင်းအသုံးပြုခြင်း မရှိတော့ပေ။

[20] ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော်သည် ၂၀၀၆ ခုနှစ် ဇူလိုင်တွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူဒီမိုကရက်တစ်တပ်ဦး(LDF)၊ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် နှင့်PPLO/ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဇွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

[21] နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonnအား အထက်ပါအတိုင်း ပြောကြားခဲ့သည်။၂၀၁၂ ခုနှစ် ဖနွမ်ပင်တွင်ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း အလွတ်သဘောတွေ့ဆုံခြင်း။ "''မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အကောင်အထည်ဖေါ်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

[22] Politics and peace process obstacle to Myanmar land mine elimination procedure," Eleven Magazine, 23 March 2013.

[23] Landmine kills Burma army soldiers, villagers threatened," Shan Herald Agency for News, 3 April 2013.

[24] Fresh tensions with Shan army have implications for Wa," Shan Herald Agency for News, 15 February 2013

[25] KHRG, "မြေမြုပ်မိုင်းသတင်းလွှာ၊သတင်းလက်ခံရရှိမှု။ ၂၀၁၂ ဩဂုတ်လမှ ၂၀၁၃ မတ်အထိ၊ ၂၀၁၃ ဧပြီ ၈။ p.8

[26] မြန်မာနိုင်ငံအခြေစိုက် UN Protection Sector မှ အီးမေးလ်။ ၂ အောက်တိုဘာ ၂၀၁၄။

၂၀၁၃ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ကရင်ပြည်နယ်အတွင်းရှိ ရွာသားတဦးသည် တပ်မတော် စခန်းနှစ်ခုဖြစ်သော ကက်ဖဲ စခန်းနှင့် ပဒါ စခန်းနှစ်ခုအကြား လမ်းမပေါ် ချောက်ကွေးအနီးတွင် မိုင်းနင်းမိခဲ့သည်။ ပုံမှန် အသုံးပြုနေကြလမ်းဖြစ်သောကြောင့် လတ်တလော ထောင်ထားသည့် မိုင်းဟုယူဆရသည်။ KNLA နှင့် တပ်မတော် နှစ်ဖွဲ့စလုံးသည် ၎င်းဒေသတွင် လှုပ်ရှားသဖြင့် မည်သည့်အဖွဲ့ လက်ချက်ဟု မသိရပေ။[27] မြေမြှုပ်မိုင်း စောင့်ကြည့်ရေး အဖွဲ့အနေနှင့် ၎င်းဖြစ်စဉ်နှင့်ပတ်သတ်၍ မှန်မမှန် ထုတ်ဖေါ်ပြောဆိုခွင့်ရှိသည့် အဖွဲ့အစည်း တခုလည်း မဟုတ်ပေ။

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်တွင် တည်ရှိသော နိုင်ငံတော်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ ကာကွယ်ရေးနှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍မရသော အစိတ် အပိုင်းများအပါအဝင် ဖြန့်ထွက်လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[28] မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့ သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း မရှိပေ။ ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု နှင့် တခြားအမည်မသိ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူအသုံးပြုမှုရှိသည်ဟု မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံ တင်ပြ ခဲ့ဖူးသည်။[29] မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ်သတ်မှတ်ခံ ထားရခြင်း မရှိချေ။[30]

## *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်တို့သည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။ KNLA မှတပ်ဖွဲ့အားလုံးသည် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင်သင်ကြားပြီးနောက် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။[31] မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရတပ်မှ ထောင်ခဲ့သောမိုင်းများကို ပြန်လည်တူးဖေါ်ခြင်းမှသော်လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကိုသိမ်းယူခြင်းဖြင့် သော်လည်းကောင်း လျို့ဝှက်လက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတက်သည်။[32] တချို့လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူစာချုပ်များ ချုပ်ဆိုထားသော်လည်း လက်နက်ဆက်လက်ဆွဲကိုင်ထားဆဲဖြစ်ပြီး လူသတ်မိုင်းများကိုလည်း လက်ဝယ်ဆက်လက် ထိန်းသိမ်းထားဆဲဖြစ်သည်။[33]

## မိုင်းဖြန့်ကျက်တည်ရှိမှုနှင့် သက်ရောက်မှု

---

[27] KHRG၊ ပြင်ပသို့မထုတ်ပြန်သော ICBL သို့တင်ပြချက်။ ၁၁ ဇူလိုင် ၂၀၁၄၊ အီးမေးနှင့် လက်ခံရရှိသည်။ ၁၄ ဇူလိုင် ၂၀၁၄

[28] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MMA မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစားရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

[29] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အီပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့်ဗြိတိန်လုပ် LTM-73, LTM-76

[30] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာလူသိရှင်ကြားထုတ်ဖေါ်ခြင်းမရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

[31] ၂၀၁၁ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သံတမန်တဦးနှင့်အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟုဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြှုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင်KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။ "

[32] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26နင်းမိုင်းရှိသည်ဟု ခေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ခုနှစ်တွင် လျို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများရှိခဲ့သည်ဟုဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ် သို့ထိုင်းနိုင်ငံမဝင်ရောက်ခင်ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

[33] လက်နက်ကိုင်အဖွဲ့အစည်းတဒါဇင်ခန့်သည် အစိုးရနှင့် နှုတ်အားဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရထားသည်။ "အပစ်အခတ်ရပ်စဲရေးအဖွဲ့များ" ဟု မကြာခဏရည်ညွှန်းပြောဆိုလေ့ရှိသော်လည်း တွေ့ဆုံဆွေးနွေးအဖြေရှာမှုတခုဆီသို့ဦးတည်စေသော တရားဝင်အပစ်ရပ်စာချုပ်မျိုး ချုပ်ဆိုထားခြင်းမရှိပေ။ လူသတ်မိုင်းများအပါအဝင် လက်နက်ဆက်လက်ဆွဲကိုင်ထားသော အဖွဲ့များဖြစ်သည်။

## မိုင်းများ

တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးကာလအလွန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တော်လှန်စစ်ပွဲများ၏ ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသောနယ်စပ်ဒေသများ၊ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းဒေသများတွင် မိုင်းအများအပြား ပြန့်နှံ့တည်ရှိနေသည်ဟု ယုံကြည်ရသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အပြင် ပဲခူးနှင့် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ် ၅၀ ခန့်တွင် နေထိုင်နေသော ပြည်သူများသည် မိုင်းအန္တရာယ် ကျရောက်နေသည်။[34] အထူးသဖြင့် လူသတ်မိုင်းအန္တရာယ် ဖြစ်သည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းသည် မိုင်းအများဆုံးတည်ရှိသည့် ဒေသများအဖြစ် သံသယရှိနေပြီး မိုင်းဒဏ်ခံရသူဦးရေ အများဆုံး ဒေသများလည်းဖြစ်သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ချင်းပြည်နယ် အိန္ဒိယနယ်စပ်အနီးမြို့နယ်များတွင်လည်း ယခင်က သံသယ ရှိဖွယ် အန္တရာယ်များသောဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် မသိသေးသော နယ်မြေများနှင့် ပတ်သက်၍ အစီရင်ခံမှုများ လက်ခံရရှိသည်။[35]

မိုင်းပျံ့နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနှစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနှစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ချီဗီ၊ မန်ရှီ၊ မိုးကောင်း၊မိုးမောက်၊ မြစ်ကြီးနား၊ စောလောနှင့် ပိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနက်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ ဆီဆိုင်၊လန်ခို၊လွိုင်လင်၊ မောက်မိုင်၊ မိုင်းပန်၊မိုင်းတုံ၊ မိုင်းဖြတ်၊ နမ်ဆန်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ဝမ်းဂန်
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်

၂၀၁၂ ခုနှစ် မေလတွင် နိုင်ငံတကာမိုင်းဖေါ်ရေး လုပ်ငန်းဆောင်ရွက်သူ Norwegian People's Aid (NPA)သည် လက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်မဲ့ပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးဒေသအတွင်း လေ့လာစမ်းစစ်မှု သုံးရက် ဆောင်ရွက်ခဲ့သည်။ ပြန်လည်နေရာချထားရေးအတွက် ထည့်သွင်း စဉ်းစားထားသည့်နေရာများသည် မိုင်းသင့်နေရာများဖြစ်သည်ဟု လေ့လာမှုက အတည်ပြုခဲ့သော်လည်း NPA သည် ၎င်း ဒေသအတွင်းပိုမို အသေးစိတ်ကျသော စစ်တမ်းလေ့လာမှု ဆောင်ရွက်ခွင့် နောက်ထပ် မရရှိခဲ့ပေ။[36]

---

[34] မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအဆင့်သတ်မှတ်ပေးထားသော ပြည်နယ်နှင့်တိုင်းဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ တိုင်းရင်းသားများ၏ အမည်ကိုကိုယ်စားပြု၍ ပြည်နယ်အမည်များကို သတ်မှတ်သည်။ တိုင်းရင်းသားလူမျိုးတသီးတသန့်မရှိသော ဒေသများကို တိုင်းဒေသကြီးဟုသတ်မှတ်သည်။ ယခင်စစ်အစိုးရသည် တိုင်းပြည်၏ အမည်ကို Burma မှ Myanmar ဟု ပြောင်းလဲအမည်မှတ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအုပ်စုအများစု နှင့် တိုင်းပြည်အများစုက Burma အနေဖြင့်သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲရန်နှစ်သက်ကြသည်။ ပြည်နယ်နှင့်တိုင်းအမည်များကို အများသိသည့်အမည်များကိုဆက်လက်သုံးစွဲသလို နအဖအစိုးရသတ်မှတ်ပေးခဲ့သော အမည်ကိုလည်း ကွင်းစ ကွင်းပိတ်ခံ၍ သုံးစွဲခြင်းမျိုးလည်းရှိသည်။

[35] Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြားအဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းမှရရှိသည့် အချက်အလက်များပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ ထိခိုက်ဒဏ်ရာရမှု ဒေတာများ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီမှ ၂၀၁၀ ဇွန်အထိ တခြားသတင်းပေး များထံမှ ရရှိသော ဒေတာများပါဝင်သည်။

[36] Andreas Indregard နှင့် အင်တာဗျူး။ NPA. ဘန်ကောက် ၁၂ ဧပြီ ၂၀၁၂ နှင့် Aksel Steen-Nilsen နှင့် တယ်လီဖုန်းအင်တာဗျူး၊၂၀၁၂ ဇွန် ၂၁

၂၀၁၃ ခုနှစ်တွင်နိုင်ငံတွင်းအိုးအိမ်မဲ့အခြေချလှည့်လှည်နေထိုင်သူ ကရင်ပြည်သူများဆိုင်ရာကော်မတီ (CIDKP)၏ လူသားချင်းစာနာသော မိုင်းအရေးဆောင်ရွက်အဖွဲ့များ[37]က ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်း မိုင်းအန္တရာယ်များသော ဒေသ ၆၇ ခုတွင် မှတ်တမ်းကောက်ယူခဲ့သည်။ ယခင်စစ်တမ်းမှ ရရှိသော အချက်အလက်များအနက် ၃၇ ခုကို အတည်ပြုပေးခဲ့ပြီး နောက်ထပ် အချက်အလက် ၃၂ ခုပါ ရှာတွေ့ခဲ့သည်။ မိုင်း အန္တရာယ်ရှိမှုဒေသအနက် ၇၄ ရာခိုင်နှုန်းတွင် လူသတ်မိုင်းများ ပြန့်နှံ့နေပြီး ၁၈ ရာခိုင်နှုန်းတွင် မပေါက်ကွဲကျန်ရှိ နေ သော မိုင်းများ နှင့် ကားမိုင်းများ ရှိနေသေးသည်။[38]

၂၀၁၃ ခုနှစ်အတွင်း လူမှုအသိုင်းအဝန်း အခြေပြု အဖွဲ့အစည်း ၁၁ ဖွဲ့၏ အကူအညီနှင့် ထိုင်းမြန်မာနယ်စပ် ညွှန့်ပေါင်း အဖွဲ့ကြီးက ရှမ်းပြည်တောင်ပိုင်း၊မွန်၊ကရင် နှင့် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း နှင့် တနင်္သာရီ တိုင်း ဒေသကြီးများအတွင်းရှိ မြို့နယ် ၂၂ မြို့မှ ရွာပေါင်း ၂၀၉ ရွာတွင် စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းကောက် ယူခဲ့သော ရွာများအနက် ရွာ ၄၈ ရာခိုင်နှုန်းတွင် မိုင်းများ ရှိသည်ဟု သတင်းအချက်အလက် ကောက်ယူရရှိခဲ့သည်။[39]

### စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက်ကျည်များ၊ လက်နက် များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက်ရောက်မှုလည်း ခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။ [40]

### မိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC)၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာနတခုတည်ထောင်ရန် သဘောတရားအရ သဘောတူခဲ့ပြီး၊ မိုင်းအရေး ဆောင်ရွက်ရွက်ရန်အတွက် ဝန်ထမ်း ၅ ဦး ခန့်အပ်ထား ဆောင်ရွက်မည်ဟု သဘောတူခဲ့သည်။ သို့သော် ၂၀၁၄ ခုနှစ် အစပိုင်းအထိ မည်သည့်ဆောင်ရွက်ချက်မှ ဆောင်ရွက်သည်ကို မတွေ့ရပေ။ သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော MPC သည် တိုင်းရင်းသားလူနည်းစုများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို တာဝန်ခံဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ အကောင်အထည်ဖေါ် ဆောင်ရွက်ရန်အတွက် တာဝန်ရှိသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်းအားစုများပါဝင်သော အစုအဖွဲ့နှင့် လက်တလော ဆွေးနွေးမှုများအရ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း မတိုင်ခင်အထိ မိုင်းအရေးဆောင်ရွက်မှု ဌာနအနေနှင့် အသက်ဝင်လည်ပတ်နိုင်ခြင်းမရှိဟု MPC က တိတိကျကျ ပြောဆိုထားသည်။

၂၀၁၃ ခုနှစ်တွင် MPC မှ အစိုးရကိုယ်စားလှယ်များ နှင့် လူသားချင်းစာနာမှုအရေးဆောင်ရွက်နေသူများပါဝင်သော နည်းပညာ အလုပ်အဖွဲ့တခုက အမျိုးသားရေး မိုင်းအရေးဆောင်ရွက်မှုမဟာဗျူဟာမူကြမ်းနှင့် အမျိုးသားရေးဆိုင်ရာ မိုင်းအရေး ဆောင်ရွက်မှုစံသတ်မှတ်ချက်ဆိုင်ရာ မူကြမ်းများကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလအထိ မဟာဗျူဟာ နှင့်စံသတ်မှတ်ချက်များအပေါ် အစိုးရ၏ သဘောတူညီမှု မရရှိသေးပဲ MPC ၏ စဉ်းစားမှုအောက်တွင်ပင် ဆက်လက်ရှိနေသေးသည်ဟု ပြောဆိုမှုများရှိခဲ့သည်။[41]

Anti-Persoonsmijnen Ontmijnende Product Ontwikkeling (APOPO), DanChurchAid (DCA), Danish Demining Group (DDG), Foundation Suisse De[e with acute accent]minage (FSD), HALO Trust, Mines Advisory Group (MAG), နှင့် NPA အပါအဝင် နိုင်ငံတာမိုင်းဖေါ်ရေးအဖွဲ့အစည်းများသည် လွန်ခဲ့သေ ၂ နှစ်အတွင်း ရန်ကုန်တွင် ၎င်းတို့ အခြေစိုက်ရုံးများ

---

[37] CIDKPလူသားချင်းစာနာသောမိုင်းအရေးဆောင်ရွက်အဖွဲ့များသည်မိုင်းဒဏ်သင့်လူမှုအသိုင်းအဝန်းအတွင်းစစ်တမ်းနှင့်မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများလုပ်ဆောင် သည်။

[38] DCA Program Manager နှင့် အစည်းအဝေး။ ချင်းမိုင်၊အောက်တိုဘာ၉ ၂၀၁၄။ CIDKP လူသားချင်းစာနာမိုင်းအဖွဲ့များအား နည်းပညာ အထောက်အကူပေး။

[39] "မြန်မာနိုင်ငံအရှေ့တောင်ခြမ်းဆင်းရဲမွဲတေမှု၊အိုးအိမ်မဲ့မှု နှင့် ဒေသခံအုပ်ချုပ်မှု" TBC။ ၂၀၁၃ နို ၁။ Duncan MaArthur, Partnership Director, TBC မှ မြေမြုပ်မိုင်းအဖွဲ့သို့ နောက်ထပ်အချက်အလက်များထပ်မံပေးပို့ခဲ့သည်။ ၂၀၁၄ ဇန် ၁၂။

[40] ဉပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင်း သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan. " ဧရာဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မွန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

[41] နိုင်ငံတကာမိုင်းအရေးဆောင်ရွက်မှုအေဂျင်စီဝန်ထမ်းထံမှ အီးမေးလ်။ ရန်ကုန်။ ၂၀၁၄ အောက် ၂၇။

ဖွင့်လှစ်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်အောက်တိုဘာလအထိ မည်သည့်အဖွဲ့အစည်းမှ လူသားချင်းစာနာသော မိုင်းရှင်းလင်းမှုဆောင်ရွက်ခွင့် တရားဝင် ခွင့်ပြုချက် မရရှိသေးပေ။ [42]

မိုင်းရှင်းလင်းရေးသည် အစိုးရ၏ ဦးစားပေးလုပ်ငန်းတခု ဖြစ်သော်လည်း အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများကို မိုင်းရှင်းလင်းခြင်းမပြုမှီ ခိုင်ခိုင်မာမာ တည်ဆောက်ရန် လိုအပ်ကြောင်း ဝန်ကြီး ဦးအောင်မင်းက မိုင်းစောင့်ကြည့်ရေးအဖွဲ့ အား ၂၀၁၂ခုနှစ် မေလတွင် ပြောဆိုခဲ့သည်။ [43] ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။[44]

မည်သည့် အာဏာပိုင်က တိုင်းရင်းသားဒေသများအတွင်း မိုင်းရှင်းလင်းခြင်းအား တာဝန်ယူဆောင်ရွက်မည်နှင့်ပတ်သတ်၍ ဆုံးဖြတ်ချက် တစုံတရာဆုံးဖြတ်ချက် ချမှတ်ခြင်း မရှိသေးပေ။ တတိုင်ပြည်လုံးအပစ်ရပ်စဲရေးသဘောတူစာချုပ်အတွက် တိုင်းရင်းသားလက်နက်ကိုင်များက တင်ပြခဲ့သော ဇန်နဝါရီလ မူကြမ်းတွင် မိုင်းဖေါ်ခြင်းအား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မည်ဟု ဖေါ်ပြထားသည်။[45]

## ၂၀၁၃ -၂၀၁၄ ခုနှစ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ

မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု လူသားချင်းစာနာသော မိုင်းဖေါ်လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်း တခု တလေကမှ မိုင်းရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေခြင်း မရှိသေးပေ။ မကြာသေးမီ နှစ်များအတွင်း တပ်မတော်၊ ကျေးရွာသားများနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက ကွက်ကြားကွက်ကြား မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည်ဟူသော အစီရင်ခံမှုများ ရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အစိုးရ နှင့် မွန်ပြည်သစ်ပါတီတို့၏ သဘောတူညီချက်နှင့်အတူ NPA သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များအတွင်း အချက်အလက်ကောက်ယူမှုများ ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ် စစ်တမ်းကောက်ယူမှုနှစ်ခုအား မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျေးရွာ (၈) ရွာတွင် (ဇန်နဝါရီ ၇ မှ ဖေဖေါ်ဝါရီ ၈ အထိ)၊ မွန်ပြည်နယ် မုဒုံနှင့် သံဖြူဇရပ်မြို့များအတွင်းရှိ ကျေးရွာ ၉ ရွာ နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းရှိ ကျေးရွာ ၁၀ ရွာ (ဧပြီ ၂၄ မှ မေ ၂၁ အထိ) ဆောင်ရွက်ခဲ့သည်။ တတိယအကြိမ်စစ်တမ်းကောက်ခြင်းအား ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျေးရွာ ၄၃ ရွာကို အဓိကထား ဆောင်ရွက်ခဲ့သည်။ ၎င်းစစ်တမ်းများက မည်သည့်မိုင်းနေရာကိုမှ တိတိကျကျသတ်မှတ်ခဲ့ခြင်း မရှိပေ။ စစ်တမ်းကောက်ယူခဲ့သောရွာများအနီး တချို့နေရာများတွင် မိုင်းထောင်ထားသော နေရာများ ရှိသည်ဟု NPA ကို သတင်းပေးမှုများ ရှိခဲ့သော်လည်း ၎င်းနေရာများသို့ သွားရောက်ခွင့်မရှိခဲ့ပေ။ လွန်ခဲ့သောအနည်းဆုံး ၁၀ နှစ်အတွင်း မြေမြုပ်မိုင်းထိခိုက်မှု ၇ ခုခန့် ရှိသည်ဟု စစ်တမ်းကောက်ယူသည့် အဖွဲ့က မှတ်တမ်းတင်ခဲ့သည်။ [46]

တပ်မတော်က မိုင်းဖေါ်သည့်လုပ်ငန်းနှင့်ပတ်သက်သည့် သတင်းအချက် မရရှိခဲ့ပေ။ တပ်မတော်စခန်းဟောင်းတွင် ရှေ့ထွက်မိုင်းများရှိနေသေးသော်လည်း စခန်းပြောင်းရွှေ့သွားသော စစ်သားများက မိုင်းထောင်ထားခြင်းမရှိဟု ပြောဆိုခဲ့ကြောင်း လှိုင်းဘွဲ့ မြို့နယ်အတွင်း ရွာသားများက ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြောဆိုခဲ့သည်။[47] ၂၀၁၃ ခုနှစ် ဧပြီလအတွင်း ကရင်ပြည်နယ် ဖာပွန်ခရိုင်မြောက်ပိုင်းတွင် တပ်မတော်တပ်ဖွဲ့များသည် ရွာလေးရွာအနီး လယ်ကွင်း များတွင် တိရိစ္ဆာရန်များ အစာလာစားရန် ဆားများပတ်ကြဲခဲ့သည်။ တိရိစ္ဆာန်များလာစားသည့်အခါတွင် ၎င်းကွင်းများ အတွင်း မိုင်းရှိပါက မိုင်းကွဲစေရန် ဖြစ်သည်။ တိရိစ္ဆာန် အကောင် ၂၀ မှ ၃၀ အထိ သေဆုံးခဲ့ရသည်ဟု သိရသည်။[48]

---

[42] NPA အဖွဲ့ Mine Action Programm မန်နေဂျာ Aksel Steen-Nilsenထံမှ အီးမေးလ်။ ၂၀၁၄ စက်တင်ဘာ ၂၃။

[43] မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် သမ္မတရုံးဝန်ကြီးဦးအောင်မင်းအား အင်တာဗျူး။ နေပြည်တော်၊မေ ၂၀၁၃။

[44] "Poor prospects for Myanmar ceasefire agreement raise risks of fighting between army and ethnic insurgents," Jane's Intelligence Review, 13 October 2014.

[45] လော်ဒီးလာ၊တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး မူကြမ်းအဆို၊ အခန်း (၄)၊စစ်ရေး၊ ၄.၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဘာသာပြန်ဆိုချက်။ ၂၀၁၄ ဇန် ၂၅

[46] NPA အဖွဲ့မှ Aksel Steen-Nilsenထံမှ အီးမေးလ်။ ၂၀၁၄ စက်တင်ဘာ ၂၃။

[47] ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သို့သတင်းပေးပို့ချက်။ ၂၀၁၄ စက် ၁၆

[48] ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းပေးပို့ချက်။ ၂၀၁၃ စက် ၁။

တိုင်းရင်းသားဒေသများအတွင်း ဆောင်ရွက်ခဲ့မှုများရှိခဲ့သည့်အနက် ၂၀၁၃ ခုနှစ် ဇူလိုင် နှင့် ဩဂုတ်လတွင် တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA)၊ ကရင့်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်နယ်ခြားစောင့်တပ်များ ပူပေါင်းပြီး ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ မြိုင်ကြီးငူဒေသအတွင်း မိုင်းအချို့ ဖယ်ရှားခဲ့သည်။ မိုင်းအမျိုးအစားအသေးစိတ်နှင့် ရှင်းလင်းသည့် ဧရိယာနှင့်ပတ်သက်၍ အသေးစိတ် မသိရပေ။ မိုင်းရှင်းလင်းနေစဉ် DKBA စစ်သားတဦး မိုင်းထိ ဒဏ်ရာရခဲ့သည်ဟု သိရသည်။[49] KNU သည် ၎င်း၏ တပ်မဟာများ နှင့် နယ်မြေခံတာဝန်ရှိသူများအား မိုင်းဖေါ်ခြင်း လုပ်ငန်းများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ညွှန်ကြားခဲ့သည်ဟု သိရသည်။

လွတ်လပ်သောမြန်မာနိုင်ငံရိန်းဂျာများအဖွဲ့ (FBR)သည် ၎င်း၏ ကယ်ဆယ်ရေးအဖွဲ့သစ်များအတွက် နှစ်စဉ်သင်တန်း အစီအစဉ်များတွင် မိုင်းအမျိုးအစားသတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းခြင်းလုပ်ထုံးလုပ်နည်းများကို သင်ကြား ပေးသည့် အစီအစဉ်များ ထည့်သွင်းသည်။[50] ၎င်းတို့မှစ်ရှင်ဆောင်ရွက်စဉ် မိုင်းများတွေ့ရှိပါက FBR ဝန်ထမ်းများ ကိုယ်တိုင် ဖယ်ရှားပြီး အစိုးရဆန့်ကျင်ဖက်အဖွဲ့အစည်းများသို့ လက်လွှဲပေးခဲ့ခြင်း သို့မဟုတ် လက်နက်ကိုင် အဖွဲ့အစည်း များကိုယ်တိုင် ဖယ်ရှားခြင်းများ ပြုလုပ်လေ့ရှိသည်။

ကုလသမဂ္ဂအေဂျင်စီများ၊အန်ဂျီအိုများစွာ ပါဝင်သော မိုင်းအန္တရာယ်ပညာပေး အမျိုးသားအဆင့်အလုပ်အဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်၌ တည်ထောင်ခဲ့သည်။ အလုပ်အဖွဲ့တွင် ပါဝင်သော အဖွဲ့အစည်း နှင့် အေဂျင်စီ ၃၀ ခန့်သည် တနှစ်လျှင် ၄ ကြိမ်တွေ့ဆုံသည်။ ၂၀၁၄ ခုနှစ် ဧပြီလအထိ မြို့နယ် ၁၆ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၁၀ ရွာအတွက် အဖွဲ့အစည်း ၉ ဖွဲ့က မိုင်းအန္တရာယ်ပညာရေးဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။[51] ထို့အပြင် လူမှုအသိုင်းအဝန်းအခြေပြုအဖွဲ့အစည်းများ (CBO) ၅ ဖွဲ့သည် ကရင်နှင့် ကယားပြည်နယ်များတွင် မိုင်းအန္တရာယ် ပညာပေး အစီအစဉ်များ ပြုလုပ်ခဲ့သည်။[52] ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အမျိုးသားအန်ဂျီအို တခု ဖြစ် သည့် Myanmar Aid Foundation သည် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်မှ ပဲခူးတိုင်းအရှေ့ပိုင်း ရွှေကျင်ဒေသ အတွင်းရှိ ရွာလေးရွာတွင် မိုင်းအန္တရာယ်ပညာပေးအစီအစဉ်များ ပြုလုပ်ခဲ့သည်။[53]

၂၀၁၃ ခုနှစ် ဖေဖေါ်ဝါရီတွင် DCA သည် UNICEF ထံမှ နည်းပညာအကြံဉာဏ်နှင့်အတူ ကယား၊ ကရင်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်း နမူနာရွေးချယ် ကျေးရွာ ၃၀ တွင် မြေမြုပ်မိုင်းနှင့် စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသော ပစ္စည်းများ၏ သတ်ရောက်မှုဆိုင်ရာ အသိအပညာ နှင့် လက်တွေ့အသုံးချမှု စစ်တမ်းကို ကောက်ယူခဲ့သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ နောက်ဆုံးပိတ်အစီရင်ခံစာ ထွက်ခြင်းမရှိသေးပေ။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော ကနဦးတွေ့ရှိချက်များအရ ဖြေဆိုသူစုစုပေါင်းအနက် ၅၃ ရာခိုင်နှုန်းက ၎င်းတို့ကျေးရွာ နှင် ရပ်ကွက်အနီးတွင် ပေါက်ကွဲစေသောပစ္စည်းများရှိသည်ကို သိသည်။ ၎င်းပေါက်ကွဲစေသော ပစ္စည်းများသည် နေ့တဓူဝ အသက်ရှင်နေထိုင်မှုအတွက် ပြဿနာတခုဖြစ်နေသည်ဟု ပြောဆိုခဲ့သည်။[54]

**ထိခိုက်ဒဏ်ရာရမှု**

| | |
|---|---|
| **၂၀၁၃ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း** | ၃၄၅၀ ဦး (၃၄၈ဦးသေ၊ ၂၈၉၈ဦးဒဏ်ရာ၊ ၂၀၄ဦးမသိရ) ၁၉၉၉ ခုမှစ၍ |
| **၂၀၁၁ခုနှစ်အတွင်းထိခိုက်ဒဏ်ရာစာရင်း** | ၃၉၈၁ (၂၀၁၀ခုနှစ်တွင် - ၂၇၄ ဦး။) |
| **၂၀၁၁ခုနှစ်အတွင်းထိခိုက်ဒဏ်ရာမှ** | ၈၄ဦးသေ၊ ၂၉၃ဦးဒဏ်ရာ၊ ၄ဦးမသိရ (၂၀၁၀ ခုနှစ်တွင် ၃၆ ဦးသေ၊ |

49 ဟသ်ာနီ (မွန်မြေ) "မြိုင်ကြီးငူဒေသအတွင်းမြေမြုပ်မိုင်းရှင်းလင်းမှုအပြီးသတ်ခါနီး။ ကရင်အဖွဲ့များ။" မဇ္ဈိမ၊ ၂၀၁၃ ဩဂုတ် ၂၁

50 "FBR Report: 13 New Ranger Teams Graduate, Go on Missions," Free Burma Rangers, Karen state, Myanmar, 17 December 2013.

51 ယူအန် မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲရေးယူနစ်၊ MIMU 3W - April 2014, Countrywide Overview,"၂၀၁၄ ခုနှစ် ဧပြီ။

52 နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူများဆိုင်ရာကော်မတီ၊ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးဂေုးကော်မတီ၊ ကရင်ဆရာများ အလုပ်အဖွဲ့နှင့် မြန်မာပြည်အရှေ့ဖက်ခြမ်းလူမှုအသိုင်းအဝန်းပညာသင်ကြားမှုအဖွဲ့စသည့် လူထုအခြေပြုအဖွဲ့၅ ဖွဲ့ဖြစ်သည်။ DCAပရိုဂရမ် မန်နေဂျာနှင့်အစည်းအဝေး၊ ချင်းမိုင်၊ အောက်တိုဘာလ ၉ ၂၀၁၄။ DCAသည် လူထုအခြေပြုအဖွဲ့အစည်းများအား နည်းပညာအကူအညီ နှင့် မိုင်းအန္တရာယ်ပညာရေး ကူညီပံ့ပိုးသည်။

53 "မြေမြုပ်မိုင်းပညာပေးဆွေးနွေးပွဲ" မြန်မာ့အလင်း၊အောက်တိုဘာ ၃၁ ၂၀၁၃။ စာ ၂ http://www.burmalibrary.org/docs16/NLM-2013-10-31-red.pdf

54 "အသိပညာ၊သဘောထားအမြင် နှင့် လက်တွေ့ဆောင်ရွက်မှု စစ်တမ်း၊မြန်မာနိုင်ငံ အရှေ့တောင်ခြမ်း မြေမြုပ်မိုင်းနှင့် စစ်ပွဲအတွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ၏ သက်ရောက်မှု၊ ပထမတွေ့ရှိချက်။ ၂၀၁၃ ဖေ - ဇွန် ၂၀၁၄" DCA Knowledge, Attitude and Practice (KAP)

| | |
|---|---|
| **အသေးစိတ်** | ၂၃၈ဦးဒဏ်ရာ၊ |
| **၂၀၁၁ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရစေသော မိုင်းအမျိုးအစားများ** | လူသတ်မိုင်း/IEDs ၃၁၈၊ ကားမိုင်း ၁၅ လုံး၊ အမျိုးအမည်မသိမိုင်း ၄၁လုံး၊ ERW ၇လုံး၊ အမျိုးအမည်မသိ ၁ လုံး။ |

နိုင်ငံပိုင် နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်း/စစ်အတွင်း ကျန်ရစ်သော အကြွင်းအကျန်များ(ERW)ကြောင့် ထိခိုက်မှု အသစ် ၁၀၁ ခု အနည်းဆုံး ရှိခဲ့သည်။[55] ၂၀၁၃ ခုနှစ်အတွင်းစုစုပေါင်း ထိခိုက်ဒဏ်ရာ ရမှုများ အနက် အရပ်သားပြည်သူ ၆၄ ဦး၊ စစ်ဖက်ဆိုင်ရာဝန်ထမ်း ၁၉ ဦးရှိခဲ့သည်။[56] အများဆုံးထိခိုက်သူများမှာ အမျိုးသားများဖြစ်ပြီး၊ ယောက်ကျားကလေး ၇ ဦး၊ အရွယ်ရောက်အမျိုးသမီး ၈ ဦးနှင့် မိန်းကလေးငယ် တဦး အနည်းဆုံးပါဝင်ခဲ့သည်။[57]

စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသော သတင်းအချက်အလက်များအရ ထိခိုက်ဒဏ်ရာရမှုသည် ၂ နှစ်ဆိုက်တိုက် ကျဆင်းလာသည်ကိုတွေ့ရသည်။ ၂၀၁၃ ခုနှစ်အတွင်းကောက်ယူရရှိသော ပမာဏသည် ၂၀၁၁ ခုနှစ်အတွင်း အလားတူသတင်းအရင်းအမြစ်များထံမှ ကောက်ယူရရှိသော ၃၈၁ ဦး၊ ၂၀၁၂ ခုနှစ်အတွင်း ကောက်ယူရရှိခဲ့သော ထိခိုက်ဒဏ်ရာရသူ ၁၀၆ ဦးနှင့်ယှဉ်ကြည့်ပါက သိသိသာသာနည်းသွားသည်ကိုတွေ့ရသည်။ စောင့်ကြည့်လေ့လာရေး အဖွဲ့မှ မြန်မာနိုင်ငံအတွက် စုဆောင်းရရှိသော အချက်အလက်များသည် လက်လှမ်းမှီနိုင်သော သတင်းအရင်း အမြစ်များထံမှ ရရှိသော စုစုပေါင်းတင်ပြချက် ဖြစ်သည်။[58] သို့သော် စနစ်တကျ အချက်အလက် ကောက်ယူမှု အားနည်း ခြင်းနှင့် နှစ်စဉ်အချက်အလက်ရသော သတင်းအရင်းအမြစ် မတူညီသောကြောင့် တိုင်းပြည် အတွင်း မိုင်းနှင့် ERW ကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်၍ ပြည့်စုံသော အချက်အလက်များဟု မဆိုလို နိုင်ပေ။ ယခင်ကာလများကဲ့သို့ပင် အချက်အလက်များတွင် အသေးစိတ် မပါရှိခြင်း၊ ထိခိုက်ဒဏ်ရာရမှုများကို မှန်မှန် ကန်ကန် မှတ်တမ်းတင်ခဲ့ခြင်း ရှိမရှိများ စစ်ဆေးရန်အတွက် အချက်အလက် မပြည့်မစုံဖြစ်ခဲ့ရသည်။ တကယ်တမ်း တွင် ထိခိုက် သေဆုံးမှုနှုန်း အဆမတန် ပိုများသည်။[59]

မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင်အစီရင်ခံမှုများတွင် ဖော်ပြသကဲ့သို့ ထိခိုက်ဒဏ်ရာရမှုအများဆုံးမှာ စစ်သားများဖြစ်သည်။ သို့သော် ပုံမှန်အားဖြင့် စစ်ဖက်ဆိုင်ရာထိခိုက်မှု သတင်းအချက်အလက်အား အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိပေ။60 ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအနက် ခန့်မှန်းချေ ၁၀ ခုတွင် တွင် မိုင်း နှင့် ERW များသည် စိုးရိမ်ရသည့်အခြေအနေတွင် ၂၀၁၃ ခုနှစ်အတွင်း ဆက်လက်ရှိနေသေးသည်။[61] မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှု အများစု သည် လူသတ်မိုင်းများကြောင့်ဟု မှတ်တမ်းများအရ သိရသည်။ လက်လုပ်တိုက်မိုင်းများ ထိခိုက်မှု အများဆုံး ဖြစ်စေသော မိုင်းအမျိုးအစားများ ဖြစ်သည်ဟု ဒေသခံမိုင်းအန္တရာယ် ပညာပေးသူများ၏ လေ့လာချက် များအရ သိရသည်။ မိုင်းနှင့် IED အရေးဆောင်ရွက်သူ

---

[55] ၂၀၁၂ခုနှစ်အတွက် မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသောအချက်အလက်များသည် ထုတ်ပြန်ပြီးသားနှင့် မထုတ်ပြန်ရသေးသော သတင်းအရင်း အမြစ်များထံမှ စုဆောင်းဖော်ပြခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဧရာဝတီမဂ္ဂဇင်း၊ မဇ္ဈိမသတင်းအေဂျင်စီ၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ဘန်ကောက်ပို့စ်သတင်းစာ၊ ကချင်းသတင်းစဉ်၊ မြန်မာ့နိုင်ငံတကာသတင်းအဖွဲ့၊ လွတ်လပ်သောမွန်သတင်းအေဂျင်စီ နှင့် မြန်မာ့အလင်းသတင်းစာတို့မှ ရရှိသည်။ ပြင်ပသို့ထုတ်ပြန်ခြင်းမရှိသော သတင်းအချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG), "မြေမြုပ်မိုင်းသတင်းအချက်အလက်များ။ ၂၀၁၁ ဇန်ဒ - ဒီဇင်ဘာ ၃၁။ မြေမြုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက်စုဆည်းပေးသည်။ "မြေမြုပ်မိုင်းသတင်းအချက်အလက်။ ဇန် ၂၀၁၂ - ဒီဇင်ဘာ ၂၀၁၂။ Nuengruethai Plaenglakkhana ထံမှ အီးမေး။ ကွင်းဆင်းအရာရှိ။ ICRC ချင်းမိုင်၊ ၁၃ ဇွန် ၂၀၁၃။ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ ထံမှ အီးမေး။ ၅ ဧပြီ ၂၀၁၃။ အယ်ဖေါ်ထံမှ အီးမေး။ အချက်အလက်ဆိုင်ရာအရာရှိ။ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) နှင့် Alice Proby ထံမှ အီးမေး၊ လက်ထောက်အကာအကွယ်ပေးခြင်းအရာရှိ၊ UNHCR။ ၁၂ နိုဝင်ဘာ ၂၀၁၂။

[56] ထိခိုက်ဒဏ်ရာရသူ ၁၈ ဦးရှိသော်လည်း ၎င်းတို့မည်သူမည်ဝါဖြစ်သည်ကိုတော့ မသိရပေ။

[57] ကျားမ မသိရသော ထိခိုက်ဒဏ်ရာရသူ ၃၃ ဦးရှိခဲ့သည်။ သို့သော် ၎င်းထိခိုက်ဒဏ်ရာရသူအားလုံးသည် အရွယ်ရောက်သူများဖြစ်သည်။

[58] ရရှိသော အချက်အလက်များသည် ထပ်နေနိုင်သည်။ သို့သော် ရရှိသော သတင်းအချက်အလက် အကန့်အသက်အောက်တွင် စစ်ဆေးရန် ခက်ခဲသည်။

[59] Myanmar: Landmine survivor needs outstrip aid," IRIN, 7 December 2011, www.irinnews.org/report/94417/myanmar-landmine-survivor-needs-outstrip-aid ကိုကြည့်ပါ။

[60] ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာကိုကြည့်ပါ။ www.the-monitor.org နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)ထံမှ ၂၀၀၈ခုနှစ်အတွင်း စစ်ဖက်ဆိုင်ရာထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ မကြုံစဖူးသတင်းများစွာရရှိခဲ့သည်။ စစ်ဖက်ဆိုင်ရာထိခိုက်မှု ၅၀၈ ဦးဟုရှိခဲ့သည်ဟုသိခဲ့ရသည်။ သို့သော် နောက်နှစ်များတွင် မရတော့ပေ။

[61] ICRC, နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃၊ ဂျနီဗာ၊ မေ ၂၀၁၄၊ စာ ၂၉ ၁.

တော်တော်များများသည်တိုက်မိုင်းတွင် ထည့်သွင်းအသုံးပြုသော ပစ္စည်းနှင့် အမျိုး အစားကို သေချာခွဲခြားနိုင်ခြင်း မရှိသဖြင့် မိုင်းအမျိုးအစားကို မှတ်တမ်းတင် နိုင်ခြင်းမရှိပေ။[62]

မြန်မာနိုင်ငံ ထိခိုက်သေဆုံးမှုစုစုပေါင်းအရေအတွက်ကို မသိရပေ။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ် အကုန်အထိ ထိခိုက်သေဆုံးမှု ၃၃၅၀ ဦး ၃၄၈ သေ၊ ၂၈၉ ၈ ဒဏ်ရာ နှင့် ၂၀၄ မသိရ) ရှိခဲ့သည်ဟု တွေ့ရှိခဲ့ရသည်။

လူသားထိခိုက်ဒဏ်ရာရမှုများအပြင် ရွာတွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ၊ ဆင်များလည်း မြေမြုပ်မိုင်း ဒဏ်ခံခဲ့ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော် သစ်ထုတ်လုပ်ရေးများတွင် အသုံးပြုသော ဆင်အများစု သေဆုံးခဲ့ပြီး၊ တချို့ဒဏ်ရာရခဲ့သည်။ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အနီးမြုပ်ထားသော မိုင်းကြောင့် ဆင် တ ကောင် ဒဏ်ရာရခဲ့သည်။[63]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်မှစ၍ အနည်းဆုံး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူပေါင်း ၂၈၂၉ ဦး ရှိသည်ဟု မြေမြုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သည်။ သို့သော် လက်ရှိကိန်းဂဏန်းနှင့် အနည်းငယ်ကွာဟသည်။ ၄၀၀၀၀ ကျော်ရှိမည်ဟုခန့်မှန်းထားသည်။[64]

## ၂၀၁၃ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် စီးပွားရေး အကူအညီများ ပါဝင်သောဝန်ဆောင်မှုများ တိုးတက်ခဲ့သည်။ ICRC နှင့် မြန်မာအစိုးရအကြား သဘောတူညီချက် တခုရရှိခဲ့သဖြင့် အစိုးရက တာဝန်ယူဖွင့်လှစ်ထားသော ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများအတွက် ICRC က တဖန် ပြန်လည် အထောက်အပံ့ပေးခွင့်ရသည်။ ၂၀၀၇ ခုနှစ်မှစ၍ အဆိုပါဌာနများသည် ပြင်ပအကူအညီမရှိပဲ လည်ပတ်ခဲ့သည်။

မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီများထောက်ပံ့ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် စုစည်းခြင်းလုပ်ငန်းများတွင် လှုပ်ရှား ဆောင်ရွက်သူ ပို၍ ပါဝင်လာခဲ့သည်။

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်အား လေ့လာမှု

၂၀၁၂ခုနှစ်တွင် DanChurchAid (DCA) သည် သုတေသန နှင့်အသေးစိတ်အခြေအနေအကဲဖြတ်ချက်များ ဆောင်ရွက်ခဲ့သည်။ အခြေအနေပြအချက်အလက်များစုဆောင်းခဲ့ပြီး၊ ကျန်းမာရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေး၊ သင်တန်း နှင့် တခြားသောလုပ်ငန်းများတွင် မိုင်းဒဏ်သင့်ပြည်သူများနှင့် ၎င်းတို့မိသားစုများအတွက် အကူအညီပေးရေး အနာဂါတ် လုပ်ငန်းအစီအစဉ်များရေးဆွဲရန်အတွက် အကြံပြုချက်များ ဆောင်ရွက်ပေးခဲ့သည်။ DCA သည် ထိခိုက်ဒဏ်ရာရခြင်း နှင့် မိုင်းသင့်ပြည်သူများအကူအညီပေးရေးစစ်တမ်းတခု ဆောင်ရွက်ခဲ့ဖူးသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း မိုင်းပြန့်နှံ့မှု အများဆုံးဒေသများဟု သတ်မှတ်ခံခဲ့ရသော ဒေသများတွင် သံသယဖြစ်ဖွယ်မိုင်းပြန့်နှံ့မှုဒေသများ စစ်တမ်းတခုပါ ဆောင်ရွက်ခဲ့သည်။[65] ၂၀၁၃ ခုနှစ်အတွင်း နောက်ထပ် မိုင်း/ERW ထိခိုက်ဒဏ်ရာရသူ နှင့်ပတ်သက်၍ အသစ်ကောက်ယူခြင်းများ မြန်မာနိုင်ငံတွင် မရှိခဲ့ပေ။

ကျန်းမာရေးဝန်ကြီးဌာနသည် မိုင်း/ERW ကြောင့်ထိခိုက်ဒဏ်ရာရမှုများအား တခြားသာမန်ထိခိုက်မှုဒဏ်ရာရမှုများနှင့် သီးခြားခွဲထုတ်ထားခြင်းမရှိပေ။[66]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မိုင်းဒဏ်သင့်ပြည်သူများအတွက် ထိခိုက်နစ်နာခဲ့ရသူများအတွက် အကူအညီပေးခြင်း တာဝန်ခံဆောင်ရွက်သည့် လုပ်ငန်းယန္တရားမရှိပေ။ မိုင်းဒဏ်သင့်ပြည်သူများ အကူအညီ လိုအပ်ချက်နှင့် ပတ်သက်၍ ပိုသိလာခဲ့သည်။

---

[62] "Deadly Soil: Burma's Enduring Landmine Tragedy," ဇွန် ၁၁ ၂၀၁၁၊ BNI www.bnionline.net။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဖမ်းဆီးမိသော စက်ရုံထုတ်မိုင်းများကိုအသုံးပြုသည်ဟုဆိုသည်။ "The world's longest ongoing war." အယ်ဂျာဇီးယား။ ဩဂုတ် ၁၀ ၂၀၁၁။www.english.aljazeera.net

[63] စောင့်ကြည့်လေ့လာရေးအဖွဲ့သည် နိုင်ကွန်ချရီမှ မျက်မြင်သက်သေတဦးကို အင်တာဗျူးခဲ့သည်။ မေ ၂၀၁၃။

[64] Mine Free Burma အဖွဲ့မှ Yeshua Moser-Puangsuwan ထံမှ အီးမေးလ်။ ၂၀၁၄ စက်တင်ဘာ ၂၆

[65] DCA, "အကြံပေး (ရက်သတ္တပတ် ၆ ပတ်) မြေမြုပ်မိုင်းသင့်ပြည်သူများအကူအညီပေးရေးသုတေသနပြုချက်, မြန်မာနိုင်ငံ" အပြီးသတ်နေစ္စစ်။ တနင်္လာနေ့, ၁၇ စက်တင်ဘာ ၂၀၁၂

[66] ကုလသမဂ္ဂလုံခြုံရေးကောင်စီ။ "မြန်မာနိုင်ငံအတွင်း ကလေးနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ။" ,"S/2009/278, 1 June 2009, para. 38; and Ministry of Health, Annual Public Health Statistics Report, Naypyitaw, March 2011.

၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ ဥက္ကဌ လွှတ်တော်အမတ် ဒေါ်အောင်ဆန်းစုကြည်သည် မြေမြုပ်မိုင်းဒဏ်ရာရပြည်သူများအတွက် အတတ်ပညာသင်တန်းများ စီစဉ်ပေးရေး၊ ခြေတုလက်တုများရရှိရေး၊ အကူအညီပေးရေး အတွက် အစိုးရအတွင်း ပိုသိရှိလာရန် လုပ်ဆောင်မည်ဟု လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့သည်။67

လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးဌာနသည် မသန်းစွမ်းသူများ၏ ရပိုင်ခွင့်အခွင့်အရေးများနှင့် သက်ဆိုင်သည့် လူမှုဖူလုံရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် နှင့် လူထုအခြေပြုပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသည်။68 ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစု ပျိုးထောင်ခြင်း လုပ်ငန်းတွင် အင်စတီကျူးရှင်းများစွာ ပါဝင်သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လှုပ်ရှားသွားလာနိုင်ရန်အတွက် အထူးသဖြင့် ခြေတု၊ လက်တု အကူအညီပေးရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။၂၀၁၀ - ၂၀၁၂ ခုနှစ် မသန်စွမ်းသူများ အတွက် နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်အတွက် တာဝန်ခံဆောင်ရွက်ရန်၊ အကောင်အထည်ဖော်ရန် စုဖွဲ့ထားသော မသန်စွမ်းသူများ ဆိုင်ရာအလုပ်အဖွဲ့သည် အစည်းအဝေးအကြိမ်အနည်းငယ်မျှ ကျင်းပပြီးနောက် ရပ်နားသွားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် အဖွဲ့အစည်းတော်တော်များများက ၎င်းတို့ပိုင်ပရိုဂရမ်များကို သီးခြားဆောင်ရွက်လိုခြင်းကြောင့်ဖြစ်သည်။69

၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ICRC ပူးတွဲ စီစဉ်ပြုလုပ်ခဲ့သည့် ခြေတု၊ လက်တုဝန်ဆောင်မှုလုပ်ငန်းများ မျက်နှာစုံညီဆွေးနွေးပွဲ၏ နောက်ဆက်တွဲအဖြစ် ICRC သည် လူမှုဖူလုံရေးဝန်ကြီးဌာန နှင့် သီးခြားအစည်းအဝေးများ ကျင်းပပြီး တရားဝင်ပူးတွဲတာဝန်ခံအဖွဲ့အစည်းတခု တည်ထောင်နိုင်မည့်အရေး ဆွေးနွေးခဲ့ကြသည်။70

၂၀၁၃ ခုနှစ်အတွင် မိုင်းဒဏ်သင့်ပြည်သူတဦးတယောက်မှ အကူအညီပေးခြင်းလုပ်ငန်းများ စီမံရေးဆွဲခြင်းတွင် ပါဝင်ခြင်း မရှိဟု သိရသည်။

***လက်တလောရှိနေသည့် ဝန်ဆောင်မှုများနှင့် ၎င်းတို့၏ ထိရောက်မှုများ***

မိုင်းဒဏ်သင့်သူများ အကူအညီပေးခြင်းလုပ်ငန်းများ[71]

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၁၂ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ |
|---|---|---|---|
| **ကျန်းမာရေးဝန်ကြီးဌာန** | အစိုးရ | ခြေတုလက်တုတပ်ဆင်ရေး ဌာနများနှင့်အရိုးကုဆေးရုံ နှစ်ရုံ | ICRC၏အထောက်အပံ့ကြောင့် အကူအညီ လက်ခံ ရရှိ အရည် အတွက် ပိုများလာ။ |

67 ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းရွာတွင် ကျင်းပခသော အခန်းအနား။ ဇန် ၂၀။ "ပဲခူးခရီးစဉ်တွင် အဖွဲ့ချုပ်ခေါင်းဆောင်က မိုင်းထိပြည်သူများကို ကူညီမည်ဟု ကတိပြု။" Myanmar Times, 28 January 2013, www.mmtimes.com/index.php/national-news/3912-on-bago-tour-nld-leader-pledges-to-help-mine-victims.html.

68 လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။ "မသန်းစွမ်းသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေး။" www.dsw.gov.mm/en/rehabilitation/rehabilitation-persons-disabilities.

69 ICRC ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ် (PRP) နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၂။ ဂျနီဗာ။ စက်တင်ဘာ ၂၀၁၃။ စာ ၆၀။

70 Ibid., pp. 47–48.

71 BPHWT နှစ်လည်အစီရင်ခံစာ ၂၀၁၂။ နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်ပြည်သူများနှင့် အကာအကွယ်မဲ့ပြည်သူများအတွက်အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ခြင်း။" ," www.backpackteam.org/wp-content/uploads/reports/2012 Mid Year Report final-0409122.pdf; KHRG၊ "မြေမြုပ်မိုင်းသတင်းအချက်အလက်စုဆောင်းတင်ပြချက်။ ဩဂုတ် ၂၀၁၂ - မတ် ၂၀၁၃။ ၈ ဧပြီ ၂၀၁၃။ BPHWT, "လွတ်လပ်ခြင်းသော်လည်းကောင်း၊ လုံခြုံမှုသော်လည်းကောင်းမရှိ။" ဆွေးနွေးမှုများကြောင့်တိုက်ခိုက်မှုများလျော့နည်း၊ အကူအညီပိုများလာ။ သို့သော် အိုးအိမ်မဲ့ပြည်သူထောင်သောင်းများစွာ ဆက်ရှိနေဆဲ။"18 June 2013, www.freeburmarangers.org/2013/06/22/not-free-or-safe-talks-bring-reduced-fighting-and-more-aid-but-thousands-remain-displaced/ - sthash.dUqNE1lK.dpuf; AAR Japan, "Community-Based Assistance for Persons with Disabilities," 28 Sep 2012, reliefweb.int/report/myanmar/community-based-assistance-persons-disabilities; ICRC PRP, "Annual Report 2012," Geneva, September 2013, pp. 60–61; and ICRC, "Annual Report 2012," Geneva, May 2013, p. 252. Indirect sourcing are from Monitor notes taken at the UNHCR Protection Working Group meeting by Yeshua Moser-Puangsuwan,Researcher, Yangon, 24 February 2012; and Monitor notes taken at the South & South East Asia Regional Victim Assistance Workshop, Vientiane, 20–22 November 2012.

| | | | |
|---|---|---|---|
| **ကာကွယ်ရေးဝန်ကြီးဌာန** | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေး သည် | ICRC၏အထောက်အပံ့ ကြောင့် အကူအညီ လက်ခံ ရရှိအရည်အတွက်ပိုများလာ။ |
| **လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန** | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည်ပြုစု ပျိုးထောင် ရေးဝန်ဆောင်မှုများ၊ မိုင်းနှင့်တခြားပေါက်ကွဲ စေသောပစ္စည်းများ ကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင် ကျောင်းများ | ကိန်းဂဏန်းအရေအတွက် လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိ |
| **ရွှေမင်းသား ဖောင်ဒေးရှင်း** | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ ပေးခြင်း | ဆက်လက်လုပ်ဆောင်ဆဲ |
| **နယ်လှည့်ကျောပိုးအိတ် ဆေးတပ်ဖွဲ့ (BPHWT)** | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်းလှည့်လည် အရေးပေါ် ဆေးကုသမှု | မိုင်းထိပြည်သူများအား ကူညီမှု လျော့လာ |
| **မြန်မာပြည်လွတ်မြောက် ရေး ရိန်းဂျားများအဖွဲ့ (FBR)** | ပြည်တွင်း အန်ဂျီအို | ဆေးဝါးစောင့်ရှောက်မှု၊ ရွှေလျားဆေးကုရေးအဖွဲ့ များကိုလေ့ကျင့် သင်တန်းပေးခြင်း ၊ထောက်ပံ့ပေးခြင်း | ဆက်လက်လုပ်ဆောင်ဆဲ |
| **နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်ပြည်နယ် မူသရောမြို့နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတုလက်တု ထုတ် လုပ်သည်။ | ဆက်လက်လုပ်ဆောင်ဆဲ |
| **ကရင်ကျန်းမာရေးနှင့် လူမှု ဖူလုံရေးဌာန (KDHW)** | လူထုအခြေပြုအဖွဲ့အစည်း | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း | ဝန်ဆောင်မှုပေးနိုင်သည့် အရည်အတွက် လျော့လာ |
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | လူထုအခြေပြုအဖွဲ့အစည်း | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ | ဆက်လက်လုပ်ဆောင်ဆဲ |

| | | | |
|---|---|---|---|
| **ဂျပန်နိုင်ငံ အကူအညီပေး ရေးနှင့် ကယ်ဆယ်ရေးအသင်း (AAR Japan)** | နိုင်ငံတကာ အန်ဂျီအို | အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်း၊ လူထုအခြေပြု ပြန်လည်ပျိုးထောင်ရေး၊ လက်လွှဲပြောင်းရေး စနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေး။ | ဆက်လက်လုပ်ဆောင်ဆဲ |
| **အနားကြီးရောဂါသည်တိုက်ဖျက်ရေးအဖွဲ့ - မြန်မာနိုင်ငံ** | နိုင်ငံတကာအန်ဂျီအို | ပြန်လည်ပြုစု ပျိုးထောင်ရေး၊ | မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးရေးဝန်ဆောင်မှုများ ပိုတိုးလာ။ |
| **Exceed Worldwide** | နိုင်ငံတကာအန်ဂျီအို | ပြန်လည်ပြုစု ပျိုးထောင် စောင့်ရှောက်ရေး နှင့် အရည်အချင်းတည်ဆောက်ရေး | ရန်ကုန်တွင် အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဆေးရုံအတွက် တာဝန်ယူခဲ့သည်။ မြန်မာနိုင်ငံ ခြေတုလက်တုသင်တန်းကျောင်းအတွက် ငွေကြေးထောက်ပံ့ပေးခဲ့သည်။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း** | နိုင်ငံတကာ အဖွဲ့အစည်း / နိုင်ငံတော်အဖွဲ့အစည်း | ဘားအံ ခြေတုလက်တု တပ်ဆင်လေ့ကျင့်ရေးဌာန နှင့် ရပ်ဝေးဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေးအတွက် ထောက်ပံ့ပေးသည်။ | ၂၀၁၂ခုနှစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု<br>၂ ဆများလာ။ |
| **UNHCR** | UN | စစ်ဒဏ်သင့်ပြည်သူများ မိုင်းထိပြည်သူ များအတွက် ဆေးကုသမှု ကုန်ကျစရိတ် ထောက်ပံ့ပေးခြင်းအပြင်၊ သယ်ယူပို့ဆောင်ခြင်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှတဆင့် စီးပွားရေးအကူအညီအတွက် လျာထား ဘဏ္ဍာဘက်ဂျက် | ကရင်နှင့် မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း ရှိဒေသတချို့တွင် ဝန်ဆေင်မှုများ ပေးခဲ့သည်။ |

***အရေးပေါ် နှင့် ဆက်လက်ဆောင်ရွက်ဆဲ ဆေးကုသစောင့်ရှောက်မှု***

မြန်မာနိုင်ငံကျေးလက်ဒေသများတွင် ကျေးရွာအများစုတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည်။ လူနာများသည် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် နာရီပေါင်းများစွာ ခရီးသွားရသည်။ တောင်တန်းဒေသများတွင် ဆေးရုံ၊ ဆေးပေးခန်းရောက်ရန်အတွက် တနေကုန် ခရီးနှင့်ရသည်။ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုအားနည်းသောကြောင့်

ကျေးလက်ဒေသနေပြည်သူများသည် စနစ်တကျလေ့ကျင့်သင်ကြားထားခြင်းမရှိသော ကျန်းမာရေးဝန်ထမ်းများ သို့မဟုတ် ဒေသခံ နှင့် တိုင်းရင်းဆေးကုသမှုကိုသာ အဓိက အားထားနေရသည်။ 72

၂၀၁၃ခုနှစ်တွင် ICRC သည် မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း ခရီးဝေးကွာသောဒေသတွင် ဖွင့်လှစ်ထားသော ဆေးပေးခန်းတွင် အလုပ်လုပ်ကိုင်နေသည့် အငယ်တန်းခွဲစိတ်ဆရာဝန် ၂၅ ဦးအတွက် အတွက် ဒုတိယအကြိမ် ခွဲစိတ်ခြင်းနီးနှောဖလှယ်ပွဲတခု ထောက်ပံ့ပေးခဲ့သည်။ ၎င်းသင်တန်းသည် ခြေတုအသုံးပြုရမည်ဆိုပါက အကောင်းဆုံးအခြေအနေဖြစ်အောင် ခွဲစိတ်ကုသနည်း များကို အဓိကထား ဆွေးနွေးခဲ့သည်။73

မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများအတွင်း တိုင်းရင်းသား လူမှုအသိုင်းအဝန်းများနှင့် အဖွဲ့အစည်းများတွင် ၎င်းတို့ပိုင် ကျန်းမာရေးထောက်ပံ့မှုစနစ်များ ဖန်းတည်းယူခဲ့ကြသည်။ မိုင်းသင့်ဒေသများနှင့် လက်လှမ်းမမှီသောဒေသများတွင် ၎င်းကျန်းမာရေးစနစ်များက အဓိက ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများဖြစ်လာခဲ့သည်။ လက်ရှိရှိနေပြီးသား ၎င်းကွန်ယက်များ၏ တည်ရှိမှုကို အသိအမှတ်ပြုပြီး နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွင်း အပြည့်အဝပေါင်းကူး ဝင်ရောက်လာနိုင်ရေးအတွက် ကျန်းမာရေးပေါင်းကူးအဓိကအုပ်စု (HCCG) ကို ၂၀၁၂ခုနှစ် မေလတွင် ဖွဲ့စည်းခဲ့သည်။ HCCG သည် မြန်မာနိုင်ငံ အတွင်းရှိ လက်ရှိရှိပြီးသား လူထုအခြေပြုကျန်းမာရေးကွန်ယက်များကို အစိုးရကျန်းမာရေးအေဂျင်စီများ၊ တခြားသော နိုင်ငံတကာ၊ နိုင်ငံတော်နှင့် ဒေသန္တရအဆင့်လုပ်သားများနှင့် ပူပေါင်းလာနိုင်ရေးအတွက် ပြင်ဆင်ပေးရန် ရည်ရွယ်သည်။74

HCCG အား တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းလေးခုနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်း လေးခုနှင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၊ ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီ၊ မယ်တော်ဆေးပေးခန်း၊ မွန်အမျိုးသား ကျန်းမာရေးကော်မတီ၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ နှင့် ရှမ်းကျန်းမာရေးကော်မတီတို့ ပါဝင်သည်။[75]

## *ခြေတုလက်တုတပ်ဆင်ပေးခြင်းလုပ်ငန်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး*

ပြန်လည်ပြုစုပျိုးထောင်ရေးဌာနအများစုသည် မြို့ကြီးများတွင် အခြေစိုက်ပြီး၊ ခရီးစရိတ်အလွန်မြင့်မားသောကြောင့် မသန်စွမ်းပြည်သူများ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်သော မသန်းစွမ်းပြည်သူများအတွက် ဝန်ဆောင်မှု ရယူ ရန် အလွန်ကြီးမားသော အခက်အခဲအဖြစ် ကြုံတွေ့ရသည်။76

၂၀၁၃ ခုနှစ်တွင် ICRC သည် ကျန်းမာရေးဝန်ကြီးဌာနအား လက်နက်ကိုင်ပဋိပက္ခကြောင့် ဝန်ဆောင်မှု အများဆုံးလိုအပ်သောဒေသများဖြစ်သည့် မြစ်ကြီးနား (ကချင်ပြည်နယ်) နှင့် ကျိုင်းတုံ (ရှမ်းအရှေ့ဖက်) အတွင်း ရုပ်ပိုင်း ဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန (PRC) နှစ်ခုအတွက် အကူအညီပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကျန်းမာရေး ဝန်ကြီးဌာနသည် မြစ်ကြီးနား PRC တည်ဆောက်ရန် သဘောတူခွင့်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျိုင်းတုံ PRC တည်ဆောက် ရန် ခွင့်ပြုထားသည်။[77] ၂၀၀၇ခုနှစ်တွင် ICRC သည် ကျန်းမာရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေး ဝန်ကြီး ဌာန၏ ပြန်လည် ပြုစုပျိုးထောင်ရေးဌာနများ ထောက်ပံ့မှုအား ၎င်း၏ လုပ်ငန်းများအပေါ် ကန့်သတ်မှုများပိုများလာသဖြင့် ရပ်ဆိုင်းခဲ့သည်။78

၂၀၁၃ ခုနှစ်တွင် ICRC သည် ဘားအံအရိုးကုရောဂါ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနကို ဆက်လက် ထောက်ပံ့ခဲ့သည်။ ၎င်းဌာနကို မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် ICRC ပူးတွဲ တာဝန် ဆက်ယူသည်။ ရန်ကုန်၊ မန္တလေး နှင့် ရတနာပုံမြို့များအတွင်းနေထိုင်သော ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနက လည်ပတ်နေသော ဌာနသုံးခုအား ဆက်လက်ထောက်ပံ့ပေးခဲ့သည်။ ICRC သည် မြန်မာနိုင်ငံ အထက်ပိုင်းနှင့်အလယ်ပိုင်း HORC လုပ်ငန်းအကောင်အထည်ဖေါ်ရာဒေသများအတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ ခြေတုလက်တု ထောက်ပံ့ရေး အစီအစဉ်ကို အကူအညီများ ပိုတိုးပေးခဲ့သည်။ ၎င်းအစီအစဉ်မှတဆင့် ခရီးအလှမ်း ကွာဝေးသောဒေသမှ မသန်စွမ်းပြည်သူများအတွက် ခြေတုလက်တုများ၊ နေရာထိုင်ခင်း၊ခရီးသွားလာမှု နှင့် လိုအပ်ပါက ဆေးဝါးအကူအညီကိုပါ

---

72 "မြန်မာနိုင်ငံ၊ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှု အကျပ်အတည်း။" IRIN,28 January 2011, www.irinnews.org/report/91761/myanmar-rural-healthcare-in-crisis.

73 ICRC PRP, "၂၀၁၂ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, September 2013, p. 60.

74 တိုင်းရင်းသားကျန်းမာရေကွန်ယက်များမှ တဆင့် ဖယ်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သော ယုံကြည်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း။" ၁၁ မတ် ၂၀၁၃။ Www.burmapartnership.org/2013/03/building-trust-and-peace-towards-a-federal-union/

75 Ibid

76 ICRC PRP, "၂၀၁၃ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, 2014, p. 52

77 Ibid

78 ICRC PRP, "၂၀၀၇ နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, မေ ၂၀၀၈, p. ၃၇.

အခကြေးငွေမယူ ဝန်ဆောင်မှုပေးသည်။[79] ၂၀၁၃ ခုနှစ်တွင် HORC လူနာများအတွက် ခြေတု ၃၈၄၂ ခု ထုတ်လုပ်နိုင်သည့် ခြေတုထုတ်လုပ်ရေးယူနစ်များ တည်ဆောက်ခြင်း၊ စမ်းသပ်အသုံးပြုခြင်းတို့အတွက် ICRC က ထောက်ပံ့ပေးခဲ့သည်။[80]

HORC ၏ ပြင်ပထိတွေ့မှုများ ပိုတိုးချဲ့ခြင်း၊ ဌာနအတွင်း ခြေတုထုတ်လုပ်မှုပိုတိုးများလာခြင်းကြောင့် ၂၀၁၂ အကုန် ၂၀၁၃ နှစ်အတွင်း ခြေတုထုတ်လုပ်မှုသည် ၂၅ ရာခိုင်နှုန်းတိုးများခဲ့သည်။[81] ၂၀၁၃ ခုနှစ် မိုင်းနှင့် ERW ထိသူများအတွက် ခြေတု ၄၄ ရာခိုင်နှုန်း ၁၇၄၁ ဦးအနက် ၇၆၁ ဦး) တပ်ဆင်ပေးနိုင်ခဲ့သည်။82

၂၀၁၃ ခုနှစ်နွေရာသီကျောင်းပိတ်ရက်အတွင်း HORC တွင် ကလေးမသန်စွမ်း ဆေးကုသခံယူလိုသူများကိုICRC က ဦးစားပေး ကုသ ခွင့်ပေးခဲ့သည်။ ၎င်းအစီအစဉ်မှာ ကလေးများ ပညာသင်ချိန်မပျက်အောင် ဆေးကုသပေးသည့် အစီအစဉ် တရပ် ဖြစ်သည်။ ဆေးကုမှုခံယူသူ ကလေးဦးရေသည် ၂၀ ရာခိုင်နှုန်း (၂၀၁၁ တွင် ၄၉ဦး အား ၂၀၁၂ ခုနှစ်တွင် ၆၁ ဦးနှင့် နှိုင်းယှဉ်) အထိ မြင့်မားခဲ့သည်။83

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြုလုပ်ထားသော သဘောတူညီချက်နှင့်အညီ ICRC သည် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဆေးရုံ (NRH)အား အန်ဂျီအိုတခုဖြစ်သော Exceed Worldwide အား ၎င်း၏ ကူညီထောက်ပံ့ပေးသည့် အခန်းကဏ္ဍကို လက်လွှဲပြောင်းပေးခဲ့သည်။ ၎င်းအဖွဲ့အစည်းသည် ရန်ကုန်မြို့ ဆေးသိပ္ပံ တက္ကသိုလ် ပရဝုဏ်အတွင်း တည်ဆောက်နေသော မြန်မာနိုင်ငံ ခြေတုလက်တုပညာသင်ကျောင်းအား ငွေကြေးအရ ထောက်ပံခဲ့သည်။

မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ (MDPO) သည် ရန်ကုန်မြို့ရှိ ၎င်း၏ရုံးတွင် အလုပ်ရုံးအသေးစားတခုနှင့် ခြေတုများထုတ်လုပ်သည်။ ၂၀၁၂ခုနှစ်တွင် ခြေတု အခု ၅၀ ထုတ်လုပ်ခဲ့သည်။ ယူလိုသူကိုယ်တိုင်ကသော်လည်းကောင်း အလှူရှင်ကသော်လည်းကောင်း အခကြေးငွေပေးချေသည်။ သို့သော် တချို့အလွန်ဆင်းရဲသူများကို MDPO က အခမဲ့ ကူညီပေးသည်။[84] DCA သည် အလားတူဝန်ဆောင်မှုမျိုး လုံးဝမရကြသည့် မြေမြုပ်မိုင်း ထိခိုက်ဒဏ်ရာရ သူများ အတွက် လည်း ရွေ့ပြောင်းခြေတုဆေးပေးတခု ဆောင်ရွက်ပေးသည်။[85]

၂၀၁၄ခုနှစ် ဖွန်လတွင် မြန်မာပြည်ငြိမ်းချမ်းရေးအထောက်အပံ့ဖောင်ဒေးရှင်းသည် ရွေ့ပြောင်းခြေတုလက်တု အလုပ်ရုံတခု တည်ထောင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာမှ မိုင်းထိပြည်သူ များအတွက် ခြေတု ၅၃ ခု ထောက်ပံ့ပေးခဲ့သည်။[86]

မိုင်း/ERW ထိခိုက် ဒဏ်ရာရသူများအတွက် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ မရှိသေးပေ။

### *စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများတွင် ထည့်သွင်းစဉ်းစားမှု*

မသန်စွမ်းသူများအကြောင်းနားလည်မှုအားနည်းခြင်းနှင့် အခြေခံဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် မသန်စွမ်းသူများ သည် အတန်းပညာသင်ကြားရန် သို့မဟုတ် အလုပ်အကိုင်ရရန်အတွက် ခက်ခဲသည်။ AAR ဂျပန် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်းအတက်ပညာ သင်တန်းဌာနက စက်ချုပ်၊ ဆံပင်အလှပြင် နှင့် ကွန်ပြူတာသင်တန်းများ အခမဲ့ပေးသည်။သင်တန်းသားအများစုမှာ ပိုလီယိုကြောင့် မသန်းစွမ်းသူများ သို့မဟုတ် မြေမြုပ်မိုင်းကြောင့် ထိခိုက် ဒဏ်ရာရသူများဖြစ်သည်။ ဌာနက သင်တန်းတက်မြောက်ပြီးသူများကို စီးပွားရေးအရအမှီအခိုကင်းကင်းနေနိုင်စေရန်၊

---

79 ICRC PRP, "၂၀၁3 နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, 2014 p. 52နှင့်"ဖါပွန် ခြေတုလက်တုဌာန မြေမြုပ်မိုင်းသင့်သူများအတွက် ဘဝသစ်ဖန်တည်းပေးသည်။ မဇ္ဈိမ၊ ၂၀၁၄ ဧပြီ ၂၇

80 ICRC," နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃" ဂျနီဗာ၊ မေ ၂၀၁၄၊p. 293

81 icib. P.294/ ICRC PRC "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃" ဂျနီဗာ ၂၀၁၄၊ p52 နှင့် ICRC PRP, နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၂။ ဂျနီဗာ စက် ၂၀၁၃ p.60

82 ICRC, "Annual Report 2013," Geneva, May 2014, pp. 293–294; and ICRC PRP, "Annual Report 2013," Geneva, 2014, p. 52.

83 ICRC PRP, "၂၀၁3 နှစ်ပတ်လည်အစီရင်ခံစာ," ဂျနီဗာ, 2014 p. 52နှင့်"ဖါပွန် ခြေတုလက်တုဌာန မြေမြုပ်မိုင်းသင့်သူများအတွက် ဘဝသစ်ဖန်တည်းပေးသည်။ မဇ္ဈိမ၊ ၂၀၁၄ ဧပြီ ၂၇

84 DCA, "The German Federal Foreign Office supports Landmine Victims in Myanmar through Donation to DanChurchAid," 18 September 2013, www.danchurchaid.org/news/news/the-german-federal-foreign-office-supports-landmine-victims-in-myanmar-through-donation-to-danchurchaid.

85 ဒူးအောက်ခြေတုအတွက် ၁၅၀၀၀၀ ကျပ်(USD ၁၇၇) နှင့် ဒူးအထက်ခြေတုအတွက် ၉၀၀၀၀၀ ကျပ်(USD ၁၀၅၀) ကျသည်။ MDPO ကခြေဖဝါးတု အတွက် ၎င်းတို့ကိုယ်ပိုင်ထုတ်လုပ်ပြီး တခုကို ၅၀၀၀ ကျပ် (USD ၆) နှင့်ရောင်းသည်။ MDPO လက်ထောက်အတွင်းရေးမှူး အေးကိုကိုနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ အင်တာဗျူး။ ရန်ကုန်။ ၁၉ နိုဝင်ဘာ ၂၀၁၃။ MDPO သည် မကြာသေးမီက ဖွဲ့စည်းလိုက်သော မြန်မနိုင်ငံဆိုင်ရာ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးလှုပ်ရှားမှု၏ အဖွဲ့ဝင်အဖွဲ့အစည်းတခုဖြစ်သည်။

86 မြန်မာနိုင်ငံငြိမ်းချမ်းရေးအထောက်အပံ့ဖေါင်ဒေးရှင်း ဒါရိုက်တာ ဗိုလ်မှူးကြီး သန့်ဇင်ထံမှ အီးမေး။ ၂၀၁၄ စက်တင်ဘာ ၂၅

အလုပ်အကိုင်ရစေရန်၊ ကိုယ်ပိုင်စျေးဆိုင်တည်နိုင်စေရန် သို့မဟုတ် ဌာနတွင် ဆရာများအဖြစ် ပြန်လည်လုပ်ကိုင် ကူညီထောက်ပံ့ပေးသည်။87

ပထဝီအနေအထားအရ လုပ်ငန်းဖြန့်ကျက်မှုအကန့်အသတ်ရှိသော်လည်း လူမှုဖူလုံရေး၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိအမှတ်ပြုသော ပထမဦးဆုံး မြန်မာနိုင်ငံ၏ မသန်စွမ်းသူများဆိုင်ရာ အခြေခံစစ်တမ်း ၂၀၀၈ - ၂၀၀၉ ခုနှစ် အရ ၁၂၇၆၀၀၀ လူဦးရေ (လူဦးရေ စုစုပေါင်း၏ ၂.၃၂ရာခိုင်နှုန်းရှိသည်။) သည် မသန်စွမ်းသူများဖြစ်ကြသည်။ ထို့အပြင် မသန်စွမ်းသူများအနက် စုစုပေါင်း ၈၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များဖြစ်ကြပြီး ပညာရေးအဆင့်သည် တိုင်းပြည်အတွင်းယေဘုယျပညာရေး သတ်မှတ်ချက် အောက်တွင် အလွန်နိမ့်ကျစွာ ရှိနေသည်ကို တွေ့ရသည်။[88]

မသန်စွမ်းစစ်ပြန်များသည် ဆောက်လုပ်ပြီးသားအိမ်နေရာ လျှောက်ထားနိုင်သည်။ ၂၀၁၃ခုနှစ်မေလတွင် စောင့်ကြည့် လေ့လာရေးအဖွဲ့က မသန်စွမ်းစစ်သားများနေထိုင်သော နေရာသို့သွားရောက်လည်ပတ်ခဲ့သည်။ တောင်ငူမြို့ အပြင်ဖက် ရာသီမရွေးသွားလာနိုင်သော နေရာတွင် တည်ဆောက်ထားပြီး၊ ရေ၊ လျှပ်စစ်မီးရသည်။ ကလေးများ အတွက် ကျောင်း အကြိုအပို့ကားစီစဉ်ပေးသည်။မသန်စွမ်းရဲဘော်များနေသော အိမ်တန်းလျားမှ ဆေးရုံသို့သွားလိုပါက ဒေသခံ တပ်မတော်အရာရှိထံ ဆက်သွယ်၍ သွားလာရေးတောင်းဆိုနိုင်သည်။ တပ်မတော်သားဟောင်းများသည် မြို့တွင်း ဘတ်စ်ကားများကို အခမဲ့စီးခွင့်ရှိပြီး၊ ခြေတုအစားထိုးရမည်ဆိုပါက အခကြေးငွေပေးစရာမလို ရယူနိုင်သည်။ သီးသန့် အိမ်တန်းလျားတွင် နေစရာအတွက် လျှောက်ထားခြင်းမရှိသော မသန်စွမ်းရဲဘော်များသည် တကြိမ်ထောက်ပံ့ငွေ ၅ သိန်းကျပ် (USD 590) ရယူခွင့်ရှိသည်။ မသန်စွမ်းရဲဘော်အားလုံး ပင်စာလစာအနည်းငယ်ခံစားခွင့်ရှိသည်။[89]

### *ဥပဒေ နှင့် မူဝါဒများ*

မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်း၊ ပညာသင်ကြားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တခြားအစိုးရ ဝန်ဆောင်မှုများထောက်ပံ့ခြင်းမှ ခွဲခြားဆက်ဆံခြင်းမပြုရဟူ၍ တားမြစ်ထားသော ဥပဒေမရှိပေ။ အစိုးရတွင် မသန်စွမ်း သူများအား အကာအကွယ်ပေးသည့် စနစ်လည်း မရှိပေ။ အစိုးရသည် မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်း၊ ပညာသင်ကြားခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တခြားအစိုးရ ဝန်ဆောင်မှုများထောက်ပံ့ခြင်းများတွင် သိသိသာသာ ခွဲခြားဆက်ဆံခြင်းမျိုး မရှိပေ။ သို့သော် မသန်စွမ်းသူများကို ကူညီပေးမည့် တရားဝင်အရင်းအမြစ် အလွန်နည်းပါးသည်။ အဆောက်အဦးများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေး သို့မဟုတ် အစိုးရဌာနများတွင် မသန်စွမ်းသူများအတွက် သီးခြားဝန်ဆောင်မှုများ ထားရှိရမည်ဟူသော ဥပဒေမျိုး မရှိပေ။[90]

၂၀၁၄ ခုနှစ် ဖွန်လတွင် လွှတ်တော်တွင် လက်ရှိဆွေးနွေးနေသော မသန်စွမ်းဥပဒေကြမ်းတွင် မြေမြုပ်မိုင်း ထိပြည်သူများအရေးကိုပါ ထည့်သွင်းဆွေးနွေးရန် လှုပ်ရှားတက်ကြွသူများက မေတ္တာရပ်ခံခဲ့သည်။[91] အမျိုးသား လွှတ်တော်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင်မသန်းသွမ်းသူများအခွင့်အရေးဥပဒေအတွက် အဆိုပြုလွှာကို အတည်ပြုလက်ခံခဲ့သည်။

၂၀၁၁ခုနှစ်မေလတွင် နိုင်ငံတကာအနာကြီးရောဂါသည် တိုက်ဖျက်ရေးအဖွဲ့ နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြုစုခဲ့သည် အကြံပြုချက်များကို အခြေခံ၍ ၎င်းအဆိုပြုလွှာအား မူကြမ်းရေးဆွဲခဲ့သည်။[92] ဥပဒေမူကြမ်းတွင် အလုပ်အကိုင် ဦးစားပေးခြင်း အပါအဝင် အရပ်သားမသန်စွမ်းသူထက် မသန်စွမ်းစစ်သားဟောင်းများ ကို ဦးစားပေး မှုများပါဝင်သည်ဟု ပြောဆိုမှုများရှိခဲ့သည်။[93] ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ဥပဒေအား အတည်ပြုပြဌာန်းခြင်း မရှိသေးပေ။

---

87 AAR Japan" မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ။" www.aarjapan.gr.jp/english/activity/myanmar/; and AAR Japan, "Community-Based Assistance for Persons with Disabilities," 28 Sep 2012,

88 ICRC PRP, "Annual Report 2013," Geneva, 2014, p. 52; and "In Burma, Children With Disabilities Struggle to Access Schools," The Irrawaddy, 5 November 2013.

89 စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ကွင်းဆင်းခရီးစဉ်မှတ်စု၊ မေ ၂၀၁၃။

90 အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန။ "2013 Country Reports on Human Rights Practices: Burma," ဝါရှင်တန်ဒီစီ။ ၂၆ ဖေ ၁၄၊ pp 38-39

91 အေးမင်းစိုး "မြေမြုပ်မိုင်းသင့်ပြည်သူများ၏အခွင့်အရေးအား မသန်စွမ်းပြည်သူများ၏ အခွင့်အရေးဥပဒေမူကြမ်းတွင် ထည့်သွင်းသင့်သည်။ လှုပ်ရှားတက်ကြွသူ။ မြန်မာ့အလင်း သတင်းစာ။ ၁၆ ဖွန် ၂၀၁၄။ p.1

92 ပထမအကြိမ်အမျိုးသားလွှတ်တော်၏ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေး ကိုးရက်မြောက်ဆက်လက်ကျင်းပခြင်း။မြန်မာ့အလင်းသတင်းစာ။ ၂ စက်တင်ဘာ ၂၀၁၁၊ စာ ၁၀။ In Burma, Children With Disabilities Struggle to Access Schools," The Irrawaddy, 5 November 2013.

93 မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအသင်း၏ မီဒီယာထုတ်ပြန်ချက်၊ "မသန်စွမ်းစစ်မှုထမ်းများကိုဦးစားပေးသော ဥပဒေမူကြမ်း၊ MPHA၊ The Irrawaddy, 3 October 2012

မသန်စွမ်းစစ်မှုထမ်းများသည် ဦးစားပေးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် လစာတန်းတူရသော အရပ်သားဝန်ထမ်းဌာနများတွင်ဖြစ်သည်။ မူအားဖြင့် စစ်မှုထမ်းဟောင်းမသန်းစွမ်းများအတွက် တရားဝင်အထောက်အပံ့မှာ ယာယီမသန်းစွမ်းမှု အတွက်လစာ၏ သုံးပုံ ၂ ပုံကိုတနစ်တာရခွင့်ရှိပြီး၊ တသက်တာ မသန်စွမ်းသူများအတွက် အခွန်လွတ်ထောက်ပံ့ငွေ ခံစားခွင့်ရှိသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ လုပ်သားများ မသန်းစွမ်းဖြစ်ပါက အစိုးရတွင် အလုပ်အကိုင် ခံစားခွင့် အကာအကွယ်ပေးမှု မရှိပေ။ ၂၀၁၃ ခုနှစ်မတ်လတွင် ဒဏ်ရာရတပ်မတော်သားများနှင့် အသက်ဆုံးရှုံးသွားသူများ၏ မိသားစုများတွက် အကူအညီပေးသည့် ဥပဒေကို အစိုးရကပြဌာန်းခဲ့သည်။[94]

၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးသဘောတူစာချုပ်ကို သဘောတူလက်မှတ်ရေး ထိုးခဲ့သည်။ သဘောတူစာချုပ်သည် ၂၀၁၂ခုနှစ်ဇန်နဝါရီလ ၆ ရက်နေ့တွင် အသက်ဝင်သည်။

## ထိုင်းနိုင်ငံအတွင်း နေထိုင်နေသော မြန်မာနိုင်ငံသားများအနက် မိုင်းထိပြည်သူများအတွက် အကူအညီပေးမှုများ

မြန်မာနိုင်ငံမှ မြေမြုပ်မိုင်းထိခိုက်ဒဏ်ရာရသူများသည် ဆေးဝါးစောင့်ရှောက်မှုနှင့် ဒုက္ခသည်စခန်းများတွင် ပြန်လည်ပြုစုပျိုးထောင်မှုအကူအညီအတွက် ထိုင်းနိုင်ငံသို့ သွားရောက်ကြသည်။ ထိုင်းမြန်မာနယ်စပ်ခရိုင်များရှိ အများပြည်သူ ဆေးရုံများတွင်လည်း လာရောက်ပြသကြသည်။[95]

သို့သော် ၂၀၁၃ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ထိုင်းနယ်စပ်စခန်းများအတွင်း အကူအညီပေးနိုင်မှုသည် မရေရာဖြစ် လာခဲ့ရသည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဒုက္ခသည်များအိမ်ပြန်ရမည့် အခြေအနေ ဖြစ်လာခဲ့သဖြင့် အလှူရှင်အန်ဂျီအိုတချို့က မြန်မာနိုင်ငံအတွင်းလုပ်ငန်းများကို ပိုအာရုံစိုက်လာသဖြင့် ငွေကြေး ထောက်ပံ့မှုလျော့နည်းလာသည်။[96] ထို့အပြင် ၂၀၁၄ ခုနှစ ဂူလိုင်လတွင် ထိုင်းနိုင်ငံ၏ အာဏာသိမ်းစစ်ကောင်စီ အမျိုးသားငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကောင်စီ (National Council for Peace and Order) သည် ဒုက္ခသည်စခန်း ၉ ခုတွင် နေထိုင်နေသော ပေါင်း ၁၂၀၀၀၀အား နေရပ်ရင်းပြန်ပို့မည်ဟု မြန်မာတပ်မတော်စစ်ဦးချုပ်နှင့် သဘောတူညီမှုရရှိခဲ့သည်။[97] ဘဏ္ဍာရေးထောက်ပံ့မှု ဦးစားပေးမှုပြောင်းလဲလာခြင်း အပါအဝင် အပြောင်းအလဲများသည် ကနဦးအဆင့်တွင်သာ ရှိနေသေးသည်။ ဒုက္ခသည်များရှိနေသော မြန်မာနိုင်ငံ အရှေ့တောင်ဖက်ခြမ်း အခြေအနေသည် နေရပ်ရင်းပြန်လို့ရသည့်အဆင့်အထိ စိတ်ချရသည့်အခြေအနေသို့ မရောက်သေးကြောင်း UNHRCR က ပြောဆိုခဲ့သည်။ ထာဝရအပစ်ရပ်စဲခြင်းမရှိခြင်း၊ မိုင်းကွင်းများရှိနေခြင်းနှင့် တချို့ဒေသများတွင် အရေးကြီးသော အခြေခံအဆောက်အဦများရှိခြင်း စသည့် ကိစ္စများလည်း ပါဝင်သည်။[98]

## ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ တားမြစ်ပိတ်ပင်ခြင်းမူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း ဆိုင်ရာသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခုမဟုတ်ပေ။[99]

မြန်မာနိုင်ငံသည် သဘောတူစာချုပ်သို့ ပါဝင်ရခြင်း၏ ရပ်တည်ချက်အသေးစိတ်ကို အများပြည်သူသို့ မည်သည့်အခါမှ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးပေ။ သို့သော် နေရာတော်တော်များများတွင် လက်နက်၏ လူသားချင်းဆိုင်ရာ သတ်ရောက်မှုနှင့်ပတ်သက်ပြီး ၎င်း၏ စိုးရိမ်မကင်းဖြစ်မှုကို ထုတ်ဖေါ်ပြောဆိုလေ့ရှိသည်။[100] ၂၀၁၃ ခုနှစ် အောက်တိုဘာလ ကမ္ဘာ့ကုလသမဂ္ဂ

---

[94] အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန။ "2013 Country Reports on Human Rights Practices: Burma," ဝါရှင်တန်ဒီစီ။ ၂၆ ဖေ ၁၄၊ pp 38-39

[95] ပိုမိုသိရှိလိုပါက ICBL-CMC 'Country Profile: Thailand," 9 October 2013.

[96] Under pressure: refugees feel welcome has worn out," Bangkok Post, 26 May 2013

[97] Human Rights Watch, UNHCR and Refugees Raise Concerns Following Reports That Thai Military Will Return Refugees After Reaching Agreement with Burma's Military," Karen News, 15 July 2014; and "Conditions in Burma Not Right for Refugee Repatriation: UN," The Irrawaddy, 24 July 2014.

98 "Human Rights Watch, UNHCR and Refugees Raise Concerns Following Reports That Thai Military Will Return Refugees After Reaching Agreement with Burma's Military," Karen News, 15 July 2014; "Conditions in Burma Not Right for Refugee Repatriation: UN," The Irrawaddy, 24 July 2014; and "Myanmar's landmines hinder return of displaced," IRIN, 3 April 2013.

[99] ၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စစ်အစိုးရက တိုင်းပြည်၏ အမည်နှင့်နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းပြောင်းလဲကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစုနှင့် နိုင်ငံအများစုက Burma ဟူသောအမည်ကိုသာ ပိုနှစ်သက်ကြသည်။

[100] ၂၀၁၀ခုနှစ်တွင် အစိုးရကိုယ်စားလှယ်က The Monitor အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနသည်သဘောတူစာချုပ်အားပြန်လည်သုံးသပ်နေပါသည်ဟုပြောဆိုခဲ့သည် သန္တာမျိုးနှင့် အင်တာဗျူး။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗီယက်ကျင်း၊ ၁၀ နိုဝင်ဘာ ၂၀၁၀။

အထွေထွေညီလာခံ (UNGA) လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေး ပထမကော်မတီ၌ မြန်မာနိုင်ငံက ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများနှင့် လူသတ်မြေမြှုပ်မိုင်းများသည် "အရပ်သား ပြည်သူများကို ထိခိုက်ဒဏ်ရာရစေသော၊ အသက်ဆုံးရှုံးရစေသော၊ အကြောက်တရားသွတ်သွင်းပေးသော" အရာများ ဖြစ်သည်ဟု ယခင်နှစ်က ပြောဆိုခဲ့သည့် အတိုင်း ထပ်လောင်းပြောဆိုခဲ့သည်။[101] ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများနှင့် လူသတ်မိုင်းများအား စစ်ဖက် အရပ်ဖက်ခွဲခြားခြင်းမရှိအသုံးပြုခြင်း၊ အလွန်အကျွံ အသုံးပြု ခြင်းသည် လူ့အဖွဲ့အစည်း တခုလုံးကို ပျက်ဆီးစေ သည်သာမက၊ အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေသည်" ဟုမြန်မာနိုင်ငံက ပြောဆိုခဲ့သည်။[102]

၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိသည့်အပြင် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများနှင့် ပတ်သက်၍ တစုံတရာ ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ ၂၀၁၀ ခုနှစ်တွင် အစိုးရသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဥပဒေရေးရာဌာနမှ သဘောတူစာချုပ်အား ပြန်လည်သုံးသပ်နေကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။[103] ၂၀၀၉ ခုနှစ်တွင် အစိုးရအရာရှိတဦးက ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ဒေသဆိုင်ရာ အစည်းအဝေးတွင် "မြန်မာနိုင်ငံသည် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း "ထိုလက်နက်ပစ္စည်းများအား မဆင်မခြင်အသုံးပြုခြင်းကြောင့် လူသားချင်းစာနာမှုနောက်ဆက်တွဲ ဆိုးကျိုး သက်ရောက်မှုများ ဖြစ်စေသောကြောင့် ပြစ်တင်ရှုံ့ချကြောင်း" ပြောဆိုခဲ့သည်။[104]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူ စာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလို အစည်အဝေး (Oslo Process) ၏ ဒေသဆိုင်ရာအစည်းအဝေးတခုသို့ တက်ရောက်ခဲ့သည်။

**ထင်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှု၊ ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု**

"မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ဝယ်ယူ ခြင်း၊ ထိန်းသိမ်းခြင်း (သို့မဟုတ်) တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစုံတဦးထံသို့ လက်လွှဲပြောင်းခြင်း၊ ယခု စာချုပ်တွင် ကန့်သတ်ထားသော လုပ်ငန်းများကို တစုံတဦးက လုပ်လာစေရန် ကူညီပေးခြင်း၊ အားပေးခြင်း (သို့မဟုတ်) မြူဆွယ်ခြင်းများ ဆောင်ရွက်ခြင်းမရှိ။" ဟု မြန်မာနိုင်ငံက ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဖော်ပြောဆို ခဲ့သည်။[105]

မြန်မာနိုင်ငံသည် ခေတ်မှီထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းနှင့်အလားသဏ္ဍာန်တူသော ထပ်ဆင့်ပေါက်ကွဲကြားခံ ကိရိယာများ ထုတ်လုပ် အသုံးပြုသည်ဟူသောပြောဆိုချက်များ ရှိခဲ့သည်။ ၂၀၁၂ခုနှစ် နှောင်ပိုင်းမှ ၂၀၁၃ ခုနှစ် အစောပိုင်းအထိ မြန်မာနိုင်ငံမြောက်ဖက်ပိုင်း ကချင်ပြည်နယ်အတွင်း ကချင် လွတ်လပ်ရေး တပ်မတော် (KIA) နှင့် တိုက်ပွဲများတွင် မြန်မာအစိုးရသည် ခေတ်မှီထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းနှင့်အလားသဏ္ဍာန်တူသည့် ထပ်ဆင့်ပေါက်ကွဲကြားခံပစ္စည်း တပ်ဆင် ထားသော ဗုံးခြောက်လုံးအား လေယဉ်ပေါ်မှ ကြဲချခဲ့သည်ဟူသော ညွှန်းဆိုချက် များရှိသည်။ ပစ္စည်းများသဘောတူစာချုပ်မှ ကန့်သတ်ထားသော စစ်လက်နက်များ အသုံးပြုကောင်း ပြုနိုင်သည်။

"၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ ကချင်ပြည်နယ်တောင်ဖက်ခြမ်း လိုင်ဇာမြို့အနောက်ဖက် ၅ မိုင်အကွာတွင်ရှိသော "မဟာဗျူဟာအရအရေးပါသော တောင်ကုန်း" ဖြစ်သော ခါရာဘန်းတောင်းကုန်း တိုက်ခိုက်မှုတွင် မြန်မာအစိုးရတပ်သည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုခဲ့သည်ဟု KIA က ပြောဆိုသည်။[106] ၎င်းအစိုးရတပ်သည်

---

[101] မြန်မာနိုင်ငံ၏ ထုတ်ပြန်ကြေငြာချက်၊ UNGA First Committee on Disarmament and International Security, New York, 1 30 Oct 2013, , http://www.reachingcriticalwill.org/images/documents/Disarmament-fora/1com/1com13/statements/30Oct_Myanmar.pdf ; and statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 1 November 2012, http://www.reachingcriticalwill.org/images/documents/Disarmament-fora/1com/1com12/statements/1Nov_Myanmar_conventional.pdf

[102] ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

[105] ibid.

[106] လိုင်ဇာအနီး KIO အဓိကစခန်းအား မြန်မာအစိုးရသည် ထပ်ဆင့်ပေါက်ကွဲစေသေ စစ်လက်နက်ပစ္စည်းများအသုံးပြုခဲ့သည်။" ,'' Kachin News Group, 26 January 2013, www.kachinnews.com/index.php?option=com_content&view=article&id=2465:burma-army-uses-cluster-bombs-to-take-key-kio-position-near-laiza&catid=8:news&Itemid=24

ဂန်ဒေါင်ယန်းတွင် အခြေချသော တပ်ဖြစ်သည်။ ၂၀၁၃ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကချင်အမျိုးသားကောင်စီ လက်ထောက်အတွင်းရေးမှူးက အမျိုးအမည်မသိ လေကြောင်းကြဲဗုံးတလုံး၏ ဓါတ်ပုံကို CMC သို့ ထုတ်ပြခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့အထိ KIA ၏ မဟာဗျူဟာမြောက်တောင်ကုန်းများကို မြန်မာ့လေတပ်မှ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း ဒုတိယကမ္ဘာစစ်ကာလသုံး ပေါင် ၂၀လေးသော ဖြန့်ထွက်ဗုံးများ အသုံးပြုခဲ့ သည်ဟု ၎င်းက အတည်ပြုခဲ့သည်။ "၎င်းဗုံးအမျိုးအစားသည် မြန်မာနိုင်ငံပြည်တွင်းစစ်တွင် တခါမှ အသုံးမပြုသော လက်နက်အမျိုးအစားဖြစ်သည်" ဟု ကချင်အမျိုးသားကောင်စီ ကဆိုသည်။[107]

လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေး အဖွဲ့ (HRW)သည် အလားတူဗုံးစများကို အမည်မသိနေရာတခုသို့ ကားနှင့် သယ်ယူသွားသည့်ဓါတ်ပုံများ လက်ခံရရှိခဲ့ သည်။[108] ၂၀၁၂ ဒီဇင်ဘာလ မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာ့တပ်မတော်(လေ) က လိုင်ဇာအား လေကြောင်းစစ်ဆင်ရေး နှင့် ဗုံးကြဲတိုက်ခိုက်မှုရှိခဲ့သည်ဟု HRW ကအတည်ပြုခဲ့သည်။[109] မြန်မာအစိုးရက လိုင်ဇာအား ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု နောက်ပိုင်းတွင် ဝန်ခံခဲ့သည်။[110]

ဓါတ်ပုံတွင် တွေ့ရသော ပေါင် ၂၀ လေးသော ဖြန့်ထွက်ဗုံးများနှင့် "ထပ်ဆင့်ပေါက်ကွဲပစ္စည်း" များသည် ထပ်ဆင်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများသဘောတူစာချုပ်ပါ ထပ်ဆင်ဖ့ပေါက်ကွဲစစ်လက်နက်များဖွင့်ဆိုချက်နှင့် အကျုံဝင်နေသည့်ပုံ ပေါ်သည်ကို တွေ့ရသည်။[111]

---

107 ကချင်အမျိုးသားကောင်စီ လက်ထောက်အတွင်းရေးမှူး ခွန်ထွယ်မှ CMC သို့၎င်းဓါတ်ပုံများပါသော အီးမေးပေးပို့ခဲ့သည်။ ဧပြီ ၁၉ ၂၀၁၃။

108 ဘာတီးလင့်တနာထံမှ အီးမေး။ ၂၅ မတ် ၂၀၁၃။

109 HRW ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ ၎င်းနေ့တွင် အရပ်သား ၃ ဦးသေဆုံးခဲ့သည်။ HRW press statement, "Burma: Halt Indiscriminate Attacks in Kachin State," 17 January 2013, www.hrw.org/news/2013/01/17/burma-halt-indiscriminate-attacks-kachin-state. ကိုကြည့်ပါ။

110 HRW မှ ၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင် ထုတ်ပြန်သော ကြေငြာချက်အရ ဇန် ၁၄ ရက်နေ့တွင် အစိုးရပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က အစိုးရက လိုင်ဇာအား လက်နက်ကြီးများနှင့် ပတ်ခတ်တိုက်ခိုက်ခြင်းမရှိဟု ငြင်းဆိုခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က သမ္မတရုံးက KIAအားရဟတ်ယဉ်များ၊ဂျက်လေယာဉ်နှင့်တပ်မတော် လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းမရှိဟု ငြင်းဆိုခဲ့သည်။သို့သော်နောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုသတင်းဗွီဒီယိုများ ထွက်ပေါ်လာသည့်အခါတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။ ." HRW press statement, "Burma: Halt Indiscriminate Attacks in Kachin State," 17 January 2013. http://www.hrw.org/news/2013/01/17/burma-halt-indiscriminate-attacks-kachin-state

111 ဓါတ်ပုံတွင်ပါသော ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ကိုယ်ထည် သို့မဟုတ် "ဗုံးစင်"သည် အမေရိကန်ထုတ် M1 ဖြန့်ထွက်ဗုံးကို တုပထားသည့်ပုံရှိသည်။ အသေးစားဖြန့်ထွက်ဗုံးများသည် ဒုတိယကမ္ဘာစစ်ခေတ်စစ်လက်နက်ပစ္စည်းများထက် ပို၍ခေတ်မှီသည်။ အမည်မဖော်လိုသူသတင်းအရင်းအမြစ်တခုက ၎င်းလက်နက်အား မြန်မာနိုင်ငံတွင် ထုတ်လုပ်သည်ဟု အတည်ပြုခဲ့ပြီး ၎င်းလက်နက်ပါအမှတ်အသားများသည် မြန်မာတပ်မတော်မှ အသုံးပြုသည့် အမှတ်အသားများဖြစ်သည်ဟု စစ်လက်နက်ပစ္စည်းအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။